# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၆၈)




ဒုတိယသမ္မတ ဦးမြင့်ဆွေ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ၌ အမှာစကားပြောကြား

## အသေးစားစီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအထိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အမျိုးမျိုးရှိနေသည်ကို တွေ့ရမည်

**ရန်ကုန် မတ် ၁၆**

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဦးသောင်းထွန်းနှင့် ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ချင်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (UK Department for International Development – DFID)၊ DaNaFacility နှင့် VDB Loi Co., Ltd တို့မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

### ထူးခြားသည့်နေ့အပူချိန် ၁၆ - ၃ - ၂၀၁၉

| | | |
|---|---|---|
| ချောက်မြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မိတ္ထီလာမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်းမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၀ | ဒီဂရီစင်တီဂရိတ် |

**သစ်တောများကို ကာကွယ်ရေး အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ပေး**

စာ » ၆

**နယ်စပ်တံတိုင်းအသုံးစရိတ် လွှတ်တော်၏ ပယ်ချမှုအပေါ် အမေရိကန်သမ္မတ ဗီတိုအာဏာဖြင့် တုံ့ပြန်**

စာ » ၁၄




မြန်မာ့အလင်း

# အမျိုးသားစီမံကိန်းများ၏ သင်ခန်းစာ

စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သည်ဆိုခြင်းမှာ မြန်မာ ပြည်သူလူထုနှင့် မစိမ်းလှ။

လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ တစ်လဝင်ငွေ ဘယ်နှသိန်းဆိုသည့် ဖဆပလခေတ် ပြည်တော်သာစီမံကိန်း။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် တစ်လျှောက်လုံး ကြားနာခဲ့ကြရသည့် ပထမလေးနှစ်စီမံကိန်း၊ ဒုတိယလေးနှစ်စီမံကိန်း အစရှိသည့် ရေတို ရေရှည် စီမံကိန်းများ။ စက်မှုလယ်ယာစီမံကိန်း၊ စပါးပြီး စပါး၊ ပြီးတော့ နေကြာ၊ မြေပဲ စသည့် သီးထပ်သီးညှပ်စီမံကိန်းများ။ ရေနက်ကွင်း စီမံကိန်း၊ ရော်ဘာစီမံကိန်း၊ ကြက်ဆူပင်စိုက်ပျိုးရေးနှင့် ကြက်ဆူပင်က ထုတ်လုပ်သော လောင်စာဆီစီမံကိန်းများ။ ခေတ်အဆက်ဆက် မရိုးနိုင်အောင် မျှော်လင့်ခဲ့ကြရသည့် စွမ်းအင်စီမံကိန်း။ စီးပွားရေးစီမံကိန်းများနှင့် အတူတွဲပါလာသည့် ကမ္ဘာကိုလွှမ်းစေရမည့် ကြွေးကြော်သံများနှင့် စီမံကိန်းများ။

စီမံကိန်းများကြားမှာ စီမံကိန်းရေးဆွဲသူ၊ ကြီးကြပ်အကောင်အထည်ဖော်သူ၊ အဆင့်ဆင့်ခန့်ခွဲသူတို့၏ အောင်မြင်မှုများကို မစားရ ဝခမန်းကိုယ်တွေ့မျက်မြင်ကြုံခဲ့ကြရသော်လည်း ပြည်သူတို့အတွက်မူ ရှုံးပြီးရှုံးသည့် ဇာတ်လမ်းများသာ။

ကြေးနီစီမံကိန်း၊ ရေကာတာကြီးများစီမံကိန်း၊ သစ်တောစီမံကိန်း စသည်တို့မှာကား ငိုကြွေးဒေါသဖြစ်စရာများဖြင့်သာ အဆုံးသတ်ခဲ့ကြရသည်။

စီမံကိန်းများက မအောင်မြင်သည့်အပြင် စတင်ချိန် ကြေညာပြောဆိုကြွားလုံးထုတ်နေသည့် သတင်းမီဒီယာမျက်နှာဖုံးပေါ်က စီမံကိန်းများသည် အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း မှိန်ပျောက်ကာ ဘာဆိုဘာမှ အသံမထွက်တော့သည်က ပိုလို့ စိတ်ပျက်စရာ။

မအောင်မြင်ကြောင်းကိုမျှ မသိရတော့ဘဲ ဘာမှဆက်မပြောလျှင် ဘာမှမဖြစ်တော့ဘူးဟုသာမှတ် ဆိုသည့်သဘော။ ပြည်သူတို့သည် အာဏာရှင်တို့ရေးခဲ့သည့် ဇာတ်လမ်းကို ကိုယ့်ဘာသာ နားလည်မှုဖြင့် ဇာတ်သိမ်းပေရော့။ မည်မျှလောက် နိုင်ငံနှင့်ချီ၍သော်လည်းကောင်း၊ ကမ္ဘာနှင့်ချီ၍သော်လည်းကောင်း ကြေညာပြောဆိုခဲ့သည်ဖြစ်စေ ခပ်တည်တည် မျက်နှာမပျက်နေနိုင်ကြသည်။ စီမံကိန်းမည်မျှ ဆုံးရှုံးပြီး ဆိုင်ရာပိုင်ရာတို့ မည်မျှမြတ်သည်ဆိုသည့်ကိစ္စမှာ အထူးထုတ်ပြန်ကြေညာစရာမလိုတော့။ ရေငုံနှုတ်ပိတ်။ ထို့နောက် တစ်ခါတည်း မေ့ပစ်လိုက်ကြတော့သည်။

စီမံကိန်းများကို မေ့မရသူများကတော့ ပြည်သူလူထု ဖြစ်ပါ၏။ နှစ်ပေါင်းမည်မျှကြာကြာ ယနေ့ထက်တိုင် ဟိုနားသည်နား တစ်ပင်တစ်လေပဲ တွေ့တွေ့၊ ကြက်ဆူပင်လေးများတွေ့သည်နှင့် စီမံကိန်းမြေများ မည်သူတွေရ၊ မည်သူတွေ ချမ်းသာသည်ဆိုခြင်းကအစ မေ့မရ။ ပြည်သူလူထုအများစုဆိုသည်ကား စိတ်ကောင်းနှလုံးကောင်း ရှိသူများဖြစ်သည့်အားလျော်စွာ အာဃာတလည်းမရှိရှာပါ။ သို့သော်လည်း မေ့ပျောက်လိုက်သည်တော့ မဟုတ်ကြ။

ထို့ကြောင့်ပင် စီမံကိန်းဟူသော ခေါင်းစဉ်များပေါ်လာတိုင်း သင်ခန်းစာများက တွဲလျက်မြင်နေကြလေ့ရှိသည်။ အာဏာရှင်တို့၊ ခြစားသူတို့၊ အဂတိများသူတို့၊ ပြည်သူ့ငွေဖြင့် ကြီးပွားချမ်းသာသွားသူတို့က ထားရစ်ခဲ့သော သင်ခန်းစာ ခါးခါးများ။

အလွန်အမင်း မျှော်လင့်ချက်များ ပေးခြင်း၊ မစားရ ဝခမန်း ကြွားဝါခြင်း၊ ပြည်သူ့ခံစားချက်များကို စူးစူးစိုက်စိုက်နားထောင်လိုစိတ်မရှိဘဲ စီးပွားရေးသမားတို့၏ မျက်လှည့်ပြမှုများကို သာယာနေမိခြင်း၊ စီမံကိန်းများကို ရေးဆွဲကြရာတွင် ဘက်စုံထောင့်စုံမှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်အစား စီးပွားရေးလုပ်ငန်းရှင်တို့ကသာ ဦးဆောင်ခဲ့ခြင်း၊ စီမံကိန်းများ၏ မူလရည်ရွယ်ချက်မှာ နိုင်ငံရေးရည်ရွယ်ချက်လား၊ စီးပွားရေးရည်ရွယ်ချက်လား စသည်တို့ မရှင်းလင်းခဲ့ခြင်း၊ စသည် စသည်…။

သမိုင်းတစ်ခေတ်ကပေးခဲ့သည့် သင်ခန်းစာများ။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ပတ်သက်နေသော စီမံကိန်းများဆိုသည်ကို ရေးဆွဲချမှတ်ဖော်ဆောင်ရမည့်သူများမှာ နိုင်ငံရေးခေါင်းဆောင်များဖြစ်ပါသည်။ သက်ဆိုင်ရာ နားလည်သူများ၊ ပညာရှင်များ၏ အကြံဉာဏ်များကို တစ်နိုင်ငံလုံး ခြုံငုံသုံးသပ်၍လည်းကောင်း၊ ပြည်သူတို့၏အရေးနှင့် ယှဉ်တွဲစေ့ငုသုံးသပ်၍လည်းကောင်း ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန် နိုင်ငံရေးသမားများကသာ မည်သည့်စီမံကိန်းကို မည်သို့အကောင်အထည်ဖော်ကြမည်ဆိုတာ အဆုံးအဖြတ်ပေးကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ ပြည်သူ့ကိုယ်စားပြု နိုင်ငံရေးခေါင်းဆောင်များ၏ တာဝန်မှာ အလွန်ကြီးမားပါသည်။ ပြည်သူလူထု အကျိုးစီးပွားအလို့ငှာ ပြည်သူတို့ကိုယ်တိုင်လည်း ပါဝင်အားပေးလိုကြမည့် စီမံကိန်းမျိုးဖြစ်ရန်၊ ပြည်သူလူထု၏ ယုံကြည်မှုကို ရယူနိုင်ကြမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# ၂၀၁၉ ခုနှစ် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဂီတဖျော်ဖြေပွဲကျင်းပ





ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးဟန်ဇော်နှင့် ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဂီတဖျော်ဖြေပွဲအား ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-ဖေဇော်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့အခြေစိုက် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကိုရီးယား-အာဆီယံ ဆွေးနွေးဘက်ဆက်ဆံရေးနှစ် (၃၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ပြုလုပ်သည့် ၂၀၁၉ ခုနှစ် ကိုရီးယား-မြန်မာချစ်ကြည်ရေး ဂီတဖျော်ဖြေပွဲကို ယနေ့ ည ၆ နာရီက ရန်ကုန်မြို့ရှိ One Entertainment Park Indoor ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးဟန်ဇော်နှင့် ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ သံတမန်များ၊ အနုပညာရှင်များနှင့် K-Pop ပရိသတ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သည့် နှုတ်ခွန်းဆက်အမှာစကား Video Message ကို ဖွင့်လှစ်ပြသပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသော မြန်မာ-ကိုရီးယား ကလေးငယ်များနှင့်အတူ အနာဂတ်တွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ကာ စက္ကူလေယာဉ်ငယ်လေးများကို လွှတ်တင်ကြသည်။

ထို့နောက် K-Pop အဖွဲ့များဖြစ်ကြသည့် BOYFRIEND၊ NOIR၊ APRIL၊ Rose Quartz အဖွဲ့တို့က မြူးကြွသည့်သံစဉ်၊ လှပသည့်ကကွက်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မြန်မာ K-Pop ပရိသတ်များက ပျော်ရွှင်စွာ အားပေးကြသည်။

တောင်ဥက္ကလာပမြို့နယ်မှ မမြတ်ဖြူဖြူစိုးက "K-Pop သီချင်းတွေကို ကြိုက်လို့ လာအားပေးတာပါ။ ပြည်တွင်းရှိုးပွဲတွေကို မကြာခဏကြည့်ဖြစ်တယ်။ ကိုရီးယားပွဲကိုတော့ အခုမှ ပထမဆုံးကြည့်ဖူးတာပါ။ ဒီနေ့ဖျော်ဖြေတဲ့ အဖွဲ့တွေအကုန်လုံးကို အားပေးခဲ့တယ်"ဟုပြောသည်။

ယနေ့ဖျော်ဖြေပွဲကို 2019 K-Pop Friendship Concert In Yangon အမည်ဖြင့်ပြုလုပ်ခဲ့ပြီး ယင်းကဲ့သို့ ဖျော်ဖြေပွဲများကို K-Pop ယဉ်ကျေးမှုထွန်းကားနေသည့် နိုင်ငံများတွင် K-Pop Friendship Concert အမည်ဖြင့် ပြုလုပ်လျက်ရှိရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင်လည်း ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

# ရေးမြို့နယ် ကျောင်းရွာကျေးရွာ မရမ်းချောင်းကြိုးတံတား ဖွင့်လှစ်

**ရေး မတ် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ရေးချောင်းဖျားဒေသ မရမ်းကျေးရွာနှင့် အပျော့ကျေးရွာကြားရှိ မရမ်းချောင်းကြိုးတံတားဖွင့်ပွဲကို မတ် ၁၄ ရက်က ကျင်းပသည်။

အဆိုပါ တံတားဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း၊ ယင်းတံတားကို ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ပြီး ငွေကျပ်သိန်း ၁၀၀၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မရမ်းချောင်းကြိုးတံတား၌ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာမှုကို တွေ့ရစဉ်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် ပူတာအိုခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပူတာအိုမြို့ )



၂၀၁၉ ခုနှစ် ၊ မတ်လ (၁၈၊ ၁၉)ရက်၊ (တနင်္လာ၊ အင်္ဂါ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဖုန်ကန်ရာဇီခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပူတာအိုမြို့

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၁၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

စာပေမြင့်မှ လူမျိုးတင့်မည်

❋ ရှေ့ဖုံးမှ

ထို့နောက် ချင်းရိုးရာအကအဖွဲ့မှ ချင်းရိုးရာ ဝါးညှပ်အကနှင့် ခားသိုင်းအကတို့ဖြင့် ဖျော်ဖြေခဲ့ပြီး ချင်းပြည်နယ်၏ သဘာဝ အလှအပနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဗီဒီယိုဖြင့် ပြသသည်။

ယင်းနောက် ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသ ထွက်ကုန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ ကျင်းပသည့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲသည် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စီးပွားရေးအခွင့်အလမ်းများ အပေါ် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ သိရှိစေရန်နှင့် ချင်းပြည်နယ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ဒေသ ထွက်ကုန်များနှင့် ဝန်ဆောင်မှုများကို ပြသနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ်၏ တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ တစ်ဦးကျဝင်ငွေတိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၌ ၆ ဒသမ ၃ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားပါကြောင်း။

**ပိုမိုအားကောင်းလာအောင် ဆောင်ရွက်**

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် မျှတပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖန်တီးပေးနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ကုမ္ပဏီများ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် ပြဋ္ဌာန်းခြင်း၊ ဥပဒေနှင့် စည်းမျဉ်းမူဘောင်များကို ခေတ်မီလာအောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် မြှင့်တင်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက် အားလုံးကို အထောက်အကူပြုနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း၊ ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အပြောင်းအလဲပြုလုပ်ခြင်းများ ပါဝင်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍအတွက် လုပ်ကိုင်ခွင့်ပေးထားသည့် ပတ်ဝန်းကျင်ကို မြှင့်တင်ပေးခြင်းသည်လည်း အစိုးရစီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ၏ အဓိကမဏ္ဍိုင်ပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ကာလလတ်နှင့် ကာလရှည်များအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့စေရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် အဓိကရည်ရွယ်ပါကြောင်း။

**နိုင်ငံပြုပြင်ပြောင်းလဲမှုအတွက် လမ်းပြမြေပုံတစ်ခုဖြစ်**

မိမိတို့၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်အနေဖြင့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP)"ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်သည် စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရရှိရန်အတွက် နည်းလမ်းများကို ထုတ်ဖော်ရာတွင် နိုင်ငံ၏ မူဝါဒရည်မှန်းချက်နှင့် အဖွဲ့အစည်းများအကြား အပြန်အလှန်ညီညွတ်မှုရှိစေရန် ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းသည် နိုင်ငံပြုပြင်ပြောင်းလဲမှုအတွက် သင့်လျော်သော လမ်းပြမြေပုံတစ်ခုဖြစ်သည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုထားပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အတားအဆီးဖြစ်စေသည့် ကန့်သတ်ထားသောမူဝါဒများကိုလည်း ပယ်ဖျက်သွားနိုင်ရန် အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် စီးပွားရေးဝန်းကျင်တိုးတက်စေရန် "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း"ကို ၂၀၁၈ ခုနှစ်တွင် မိတ်ဆက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု (Private Sector Development-PSD) သည် အရေးပါသည့် အခန်းကဏ္ဍ တွင် ပါဝင်နေသဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်နှင့် လုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို ပူးပေါင်း ပါဝင်သူများ၏အမြင်နှင့် လက်တွေ့ကွာဟချက်များကို



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာပြခန်းကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**"ယခုအချိန်သည် မိမိတို့နိုင်ငံတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်အတွက် စီးပွားရေးတံခါးကို ဖွင့်လှစ်ထားပြီး ဖြစ်သည့်အတွက် လက်ရှိဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင် ပြောင်းလဲမှုများမှတစ်ဆင့် အခွင့်အလမ်းများကို ဖိတ်ခေါ်လျက်ရှိ"**

ဖြည့်ဆည်းပေးရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်ဆိုင်ကြုံတွေ့ နေရသည့် အခက်အခဲများကို သိရှိနားလည်စေရန်နှင့် လမ်းပြ မြေပုံအနေဖြင့် ဆောင်ရွက်နိုင်စေရန်အတွက် ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (PSD Framework)ကို ထပ်မံ၍ အဆင့်မြှင့်တင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ အဆင့်မြှင့်တင်ရာတွင် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက် ကောင်းမွန်စေခြင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင် ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း၊ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ခြင်းနှင့် စီးပွားရေး နှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍ အား ပြန်လည်ရေးဆွဲခြင်း စသည့်မဏ္ဍိုင်(၅)ရပ်ဖြင့် ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယင်းသို့ ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှုများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး၏ စီးပွားရေးဝန်းကျင် များကို မြှင့်တင်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း၊ ဆင်းရဲမှုနှင့် မညီမျှမှုများ၏ အဓိကစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ပိုမိုကောင်းမွန်သည့် လူမှုပတ်ဝန်းကျင်ကို ဖန်တီး ပေးနိုင်ရန်အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၏ အင်အားကို အသုံးပြုသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် Project Bank (စီမံကိန်းဘဏ်)မှတစ်ဆင့် စီမံကိန်းဆောင်ရွက်မှုများကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ချင်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် များအနေဖြင့် အခြေခံအဆောက်အအုံ ဦးစားပေးစီမံကိန်းများ ကို ထုတ်ပြန်ကြေညာရန်အတွက် Project Bank ကို မကြာခင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ Project Bank သည် အစိုးရဘတ်ဂျက် ခွဲဝေဆောင်ရွက်မှုကို ညှိနှိုင်းဆောင်ရွက် ရန်၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုအထောက်အပံ့များ လွယ်ကူချောမွေ့စေရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) ၏ ပန်းတိုင် နှင့် မဟာဗျူဟာများအတွက်လည်း ချိန်ညှိရန် ရည်ရွယ်ထား ပါကြောင်း။

**စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲ**

ယခုအချိန်သည် မိမိတို့နိုင်ငံတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်အတွက် စီးပွားရေး တံခါးကို ဖွင့်လှစ်ထားပြီးဖြစ်သည့်အတွက် လက်ရှိဆောင်ရွက် နေသည့် နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် အခွင့်အလမ်းများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ အခြေခံ အဆောက်အအုံမလုံလောက်သည့် စိန်ခေါ်မှုများ ရှိနေဆဲ ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားတွင် ပေါင်းကူးနယ်မြေဒေသအနေဖြင့် တည်ရှိနေပြီး အခြားသော အာဆီယံနိုင်ငံများနှင့်ပါ ဆက်သွယ်နိုင်သည့် ထူးခြားသော ပထဝီတည်နေရာအနေအထားကို ပိုင်ဆိုင်ထားသဖြင့် စီးပွားရေး အခွင့်အလမ်း အများအပြားရှိနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါ ကြောင်း၊ ယခုလို မဟာဗျူဟာကျသည့် နိုင်ငံအတွင်းမှာရှိသည့် ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်မှု များသည် သိသာထင်ရှားလှသည့် ဈေးကွက်အလားအလာများ ကို ဖော်ဆောင်ပေးနေခြင်းပင် ဖြစ်ပါကြောင်း။

မဲခေါင်-အိန္ဒိယ စီးပွားရေးစင်္ကြံသည်လည်း တိုက်ရိုက် ကုန်သွယ်မှုများနှင့် တစ်ဆင့်ခံကုန်သွယ်မှုများကို ဆောင်ရွက်နိုင် မည်ဖြစ်သည့်အပြင် စီးပွားရေးစင်္ကြံတစ်လျှောက်တွင်ရှိသည့် စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်း အထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း။

ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လူထုအခြေပြုခရီးသွား လုပ်ငန်း၊ ရေအားလျှပ်စစ်နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ရိုးရာရက်ကန်းလုပ်ငန်း စသည့် အသေးစားစီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအထိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း အမျိုးမျိုးရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**အလားအလာကောင်းများရှိနေ**

ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြား မဟာဗျူဟာကျသည့် စီးပွားရေးစင်္ကြံပေါ်၌ တည်ရှိနေသဖြင့် အနာဂတ်တွင် နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ပိုမိုများပြားလာပြီး ခိုင်မာသည့် အလားအလာကောင်းများ ရှိနေပါကြောင်း၊ ဆောင်ရွက်နေဆဲဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေးနှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအမြောက်အမြားကို ဖိတ်ခေါ်နေခြင်းပင် ဖြစ်ပါ ကြောင်း။

ယနေ့ကျင်းပသည့်ပွဲသည် အလားအလာရှိသည့် ရင်းနှီး မြှုပ်နှံသူများအတွက် ချင်းပြည်နယ်တွင်ရှိနေသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို သိရှိနားလည်စေရန်နှင့် အမိအရဆုပ်ကိုင် နိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါ ကြောင်း၊ ထို့အပြင် ဧည့်သည်တော်များအနေဖြင့် ချင်းပြည်နယ်၏ သဘာဝအလှအပများကို တွေ့မြင်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်အတွက် ချင်းပြည်နယ်သို့ ဖြစ်နိုင်သမျှ မြန်မြန်သွား ရောက် လေ့လာစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ ပုဂ္ဂလိကကုမ္ပဏီ များ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာ ပြခန်းများနှင့် ချင်းပြည်နယ်၏ ဒေသထွက်ကုန်ပစ္စည်းများ၊ ချင်းရိုးရာအထည် များနှင့် ရိုးရာယဉ်ကျေးမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပရာ အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန် ရှိသူများ၊ နိုင်ငံခြားသားပညာရှင်များက ချင်းပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ချင်းပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ရေအား လျှပ်စစ်နှင့် လေအားလျှပ်စစ်ကဏ္ဍ၊ အထည်အလိပ်နှင့် လက်မှု လုပ်ငန်းကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဘဏ္ဍာရေး ထောက်ပံ့မှုဆိုင်ရာကဏ္ဍတို့ကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပညာရှင် များ ပါဝင်ဆွေးနွေးသည့် စကားဝိုင်းဆွေးနွေးပွဲ တစ်ခုကိုလည်း ကျင်းပခဲ့သည်။

**မတ် ၁၇ ရက်အထိ ကျင်းပသွားမည်**

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲသည် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီး မြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်၊ ချင်းပြည်နယ် စီးပွားရေးအခွင့်အလမ်းများအပေါ် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီး မြှုပ်နှံသူများ သိရှိစေရန်နှင့် ချင်းပြည်နယ်တွင်ရှိသည့် စီးပွားရေး လုပ်ငန်းများ၏ ဒေသထွက်ကုန်များနှင့် ဝန်ဆောင်မှုများကို ပြသနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပြီး အဆိုပါပြပွဲတွင် ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသထားပြီး ဖျော်ဖြေမှု အစီအစဉ်များနှင့်အတူ မတ် ၁၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

လက်ခံရယူမည့် တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဦးစားပေးအထူးတာဝန်တစ်ရပ်**

အခမ်းအနားတွင် **ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက** အမှာစကားပြောကြားရာ၌ ယနေ့ အခမ်းအနားတွင် ပခုက္ကူမြို့နယ်အတွင်း စက်မှုဝန်ကြီးဌာန အမှတ်(၅)အထည်စက်ရုံ၊ ဆိပ်ဖြူမြို့နယ်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ မကွေးမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၅၀၁၃)တင့်ကားတပ်ရင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ ချောက်မြို့နယ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဆာလ်ဖျူရစ်အက်စစ်နှင့် ကျောက်ချဉ်စက်ရုံ၊ တောင်တွင်းကြီးမြို့နယ်အတွင်းစက်မှုဝန်ကြီးဌာန မြင်းနှင့်သိုးမွေးမြူရေးဌာန (ရန်ပယ်)၊ မင်းလှမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြန်လည်အပ်နှံသည့် မြေဧရိယာ (၈၇၇ ဒသမ ၄၉) ဧကအနက်လယ်ယာမြေ (၃၀၈ ဒသမ ၀၇)ဧက၊ ဦးပိုင် ၁၂၉ ခုအား တောင်သူ ၁၀၈ ဦး လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ပြီး အခြားမြေ (၅၆၉ ဒသမ ၄၂)ဧကကို အစိုးရ စီမံခန့်ခွဲပိုင်ခွင့်မြေဧရိယာအဖြစ် ပြန်လည်အပ်နှံသွားမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံတွင် လယ်ယာမြေသည် လယ်သမားများအတွက် အသက်သွေးကြောပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်သမားများအတွက် အသက်တမျှအရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးအထူးတာဝန် တစ်ရပ်အနေဖြင့် သတ်မှတ်ပြီးဆောင်ရွက်လျက်ရှိပါကြောင်း။

**စနစ်တကျစိစစ်လွှဲပြောင်းပေးနိုင်ရေးဆောင်ရွက်**

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများထဲက အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာမှ မူလပိုင်ရှင်များထံ မြန်မြန်ရောက်ပြီး စောစောအကျိုးခံစားနိုင်ရန် စိုက်ပျိုးရာသီအမီ အမြန်လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် မိမိတို့ အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ရေရှည်ဖွံ့ဖြိုးမှုဖြစ်စေမည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျစိစစ်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်တွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၅-၂-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၉) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင်လည်းလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ လယ်ယာမြေဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များကိုပါ ထည့်သွင်းဖွဲ့စည်းပြီး မူဝါဒ၊ လုပ်ငန်းစဉ်(၅၂)ရပ်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။

သိမ်းဆည်းခံလယ်ယာမြေပြဿနာများသည် ရိုးရိုးသားသားနှင့် တရားဥပဒေကို အမှန်တကယ် နားမလည်သဖြင့် မှန်ကန်မှုမရှိသည့်ဖြစ်ရပ်များ ရှိနိုင်သကဲ့သို့ မရိုးမသားမမှန်မကန်ပြုလုပ်နေသည်များလည်း ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သိမ်းဆည်းခံလယ်ယာမြေပြဿနာများကို တရားဥပဒေဘောင်အတွင်းက တရားမျှတခြင်းရရှိအောင် စေတနာ၊ ကရုဏာဖြင့် ကူညီပေးလိုသည့် မေတ္တာစိတ်ရင်းအခံနှင့် နည်းလမ်းတကျ ရဲရဲတင်းတင်း ကိုင်တွယ် ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်ကြရန် အမှန်တကယ် လိုအပ်ပါကြောင်း။

**တရားမျှတမှုရရှိအောင်ဆောင်ရွက်ပေး**

မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်မှု ရှိ/မရှိ စိစစ်ရသကဲ့သို့ မှတ်တမ်းမှတ်ရာ မပြည့်စုံမှုများကြောင့် လက်တွေ့ကိုင်တွယ် ဖြေရှင်းရာတွင်လည်း

> **“ယနေ့အခမ်းအနားတွင် ပြန်လည်အပ်နှံသည့် မြေဧရိယာ (၈၇၇ ဒသမ ၄၉) ဧကအနက် လယ်ယာမြေ (၃၀၈ ဒသမ ၀၇) ဧက၊ ဦးပိုင် ၁၂၉ ခုအား တောင်သူ ၁၀၈ ဦး လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) လွှဲပြောင်းပေးအပ်သွားမည်ဖြစ်”**

အချိန်ယူရပါကြောင်း၊ အမှားအယွင်း မရှိစေရေး၊ နစ်နာဆုံးရှုံးမှု မဖြစ်စေရေးနှင့် တိကျသေချာရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသည့်အတိုင်း ကရုဏာနှင့်ယှဉ်ပြီး တရားမျှတမှုရရှိအောင် အတတ်နိုင်ဆုံးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဆုံးရှုံးနေမှုများတဖြည်းဖြည်း လျော့ကျလာမည်**

ထိုသို့ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် လယ်မဲ့၊ ယာမဲ့နှင့် အလုပ်အကိုင်အခွင့်အလမ်းမရှိသဖြင့် ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက်ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံနဲ့ သွားရောက်လုပ်ကိုင်နေမှုများ၊ မြန်မာပြည်မှ ခေတ်ပညာတတ်လုပ်ငန်းကျွမ်းကျင်မှုရှိသော လူစွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေမှုများလည်း တဖြည်းဖြည်းလျော့ကျလာမည် ဖြစ်ပါကြောင်း။

ယနေ့ ပြန်လည်လုပ်ကိုင်ခွင့်ရရှိကြသည့် တောင်သူများအနေဖြင့် နိုင်ငံတော် အစိုးရ၏ အလေးထားဆောင်ရွက်နေမှုကို သိရှိပြီး မိမိတို့မိသားစု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ရိုးသားကြိုးစားစွာ လုပ်ကိုင်ကြရန်နှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပြီးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကာ အရည်အသွေး အဆင့်အတန်းမြင့်မားပြီး အထွက်နှုန်းတိုးတက်မြင့်မားအောင် ဆောင်ရွက်ကြ ရန် လိုအပ်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်း ကဏ္ဍကလည်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်**

မကွေးတိုင်းဒေသကြီးအတွင်း ဒုတိယအကြိမ်မြောက် ပြန်လည်စွန့်လွှတ်အပ်နှံ မြေများကို သက်ဆိုင်ရာ တောင်သူများထံသို့ ပြန်လည်ပေးအပ်ပွဲ ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ပေးခဲ့ကြသော မြေစွန့်လွှတ်သည့် ဌာနများဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ တောင်သူများလက်ဝယ် ပြန်လည်ပေးအပ်နိုင်ရေး ကြိုးပမ်းခဲ့ကြသည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများကို နိုင်ငံတော်ကိုယ်စား၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်းနှင့် တောင်သူများအနေဖြင့် ရရှိလာသည့် မြေများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် မိမိတို့တစ်ကိုယ်ရေ တစ်မိသားစုဝမ်းစာဖူလုံရေးမှတစ်ဆင့် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက တိုင်းဒေသကြီးအတွင်း စွန့်လွှတ်မြေများအား ပြန်လည်ပေးအပ်နိုင်ရေးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မကွေးတပ်နယ်မှ ကိုယ်စားလှယ်တစ်ဦး၊ စက်မှုဝန်ကြီးဌာန မြင်းနှင့်သိုးမွေးမြူရေးဌာန(ရန်ပယ်) တာဝန်ခံ ဦးဇော်ဇော်နိုင်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန စလေခာတ်မြေသြဇာစက်ရုံ ဒုတိယစက်ရုံမှူး ဦးသက်မင်းထွန်းတို့က ပြန်လည်စွန့်လွှတ်မြေများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ထံလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြန်လည်စွန့်လွှတ်မြေများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းတို့ထံလည်းကောင်း၊ စက်မှုဝန်ကြီးဌာန အမှတ်(၅) အထည်စက်ရုံ(ပခုက္ကူ) လက်ထောက်စက်ရုံမှူး ဦးမျိုးခိုင်အောင်နှင့် မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းဦးတို့က ပြန်လည်စွန့်လွှတ်မြေများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်ထံလည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

**ပုံစံ(၃) များပေးအပ်**

ထို့နောက် မကွေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရ မှုများပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးမြို့ မကြီးကန်ကျေးရွာအုပ်စုအတွင်းရှိ မူလတောင်သူများ ကိုယ်စားတောင်သူ ကိုယ်စားလှယ်တစ်ဦးထံလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မကွေးမြို့ မယ်လှတောင် ကျေးရွာအုပ်စုအတွင်းရှိ မူလတောင်သူများကိုယ်စား တောင်သူ ကိုယ်စားလှယ်တစ်ဦးထံ လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဆိပ်ဖြူမြို့နယ် ကန်ဇွန်းမကျေးရွာ အုပ်စုအတွင်းရှိ မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်တစ်ဦးထံ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စုအတွင်းရှိ မူလတောင်သူ များကိုယ်စား တောင်သူကိုယ်စားလှယ်တစ်ဦး ထံလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ချောက်မြို့နယ် ခတ်မြေကျေးရွာအုပ်စု အတွင်းရှိ မူလတောင်သူများကိုယ်စားတောင်သူကိုယ်စားလှယ် တစ်ဦးထံလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က တောင်တွင်းကြီးမြို့နယ် ညာတောကျေးရွာအုပ်စုအတွင်းရှိ မူလတောင်သူများကိုယ်စားတောင်သူကိုယ်စားလှယ်တစ်ဦးထံ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မကွေး မြို့နယ် သစ်ရာကောက်ကျေးရွာအုပ်စုအတွင်းရှိ မူလတောင်သူများကိုယ်စားတောင်သူကိုယ်စားလှယ်တစ်ဦးထံ လည်းကောင်း ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များပေးအပ်ကြသည်။

ယင်းနောက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များ လက်ခံရရှိကြသည့် တောင်သူများကိုယ်စား ဒေါ်လဲ့လဲ့နိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဩစတြေးလျသံအမတ်ကြီးနှင့် UNICEF ဌာနေကိုယ်စားလှယ်တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မတ် ၁၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Andrea Faulkner နှင့် UNICEF ဌာနေကိုယ်စားလှယ် Ms. June Kunnugi တို့အား မတ် ၁၄ ရက်က ဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။**

ဩစတြေးလျ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩစတြေးလျအစိုးရမှ ပညာသင်ဆုများ ပေးအပ်နေမှု၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ရန်စီစဉ်ထားသည့် Social Work Institute နှင့် စပ်လျဉ်း၍ ဩစတြေးလျရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံရှိ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ ပြင်ဆင်ထားမှု၊ လူမှုသဟဇာတမျှတရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ကုလသမဂ္ဂအေဂျင်စီများအပါအဝင်နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများမှ ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

ထို့နောက် UNICEF ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများနှင့် ထိခိုက်ဒဏ်ရာရသူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးနေမှုများ၊ ၂၀၁၉ ခုနှစ် ဧပြီ ၄ ရက်တွင် International Day for Mine Awareness and Assistance in Mine Action ကျင်းပရန် ဆောင်ရွက်နေမှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ တားဆီးကာကွယ်ရေး ကော်မတီဖွဲ့စည်း၍ လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E Ms. Andrea Faulkner အား တွေ့ဆုံနှုတ်ဆက်စဉ်။** သတင်းစဉ်

## ဆက်သွယ်စုံစမ်းနိုင်

**သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄
ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

# ပျဉ်းမနား၌ ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

**နေပြည်တော် မတ် ၁၆**

ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းခွဲမှူးကြီးမှူး၍ အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၁၉) သင်တန်းဆင်းပွဲကို မတ် ၁၃ ရက်က ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ဒေသ အလယ်ချောင်းကျေးရွာအုပ်စု တောင်မြင့်ကျေးရွာ၌ကျင်းပရာ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဇော်အောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးသိန်းနိုင်က သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများကို ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းသားများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ သင်တန်းတွင် သင်တန်းသား ၄၁ ဦး တက်ရောက်ကြပြီး အခြေခံရှေးဦးသူနာပြုစုနည်းများ၊ လူနာသယ်ဆောင်နည်းနှင့် အသက်ရှူအားကူနည်းများ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကျင်းပ





အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၁၆**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာအခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ယင်းနောက် ယနေ့ဖြန့်ဝေဆက်ကပ်ထားသည့် အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်းကြေညာပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကို သဘာပတိဥက္ကဋ္ဌ ဆရာတော်ကြီး၏ကိုယ်စား အခမ်းအနားမှူး ဆရာတော်က ဖတ်ကြားတင်သွင်းပြီး သဘာပတိဆရာတော်က အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို သဘာပတိဆရာတော်၏ကိုယ်စား အခမ်းအနားမှူးဆရာတော်က ဖတ်ကြားတင်သွင်းပြီး သဘာပတိဆရာတော်က အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင် ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် သဘာပတိနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ဆရာတော်က နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားရာတွင် ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ ကာလဒေသအချိန်အခါအခြေအနေအရ ရဟန်းငယ်ရှင်ငယ်များ လမ်းမှားသို့ မလိုက်မိစေရန် သက်ဆိုင်ရာ ဆရာသမားများက သဘောပေါက်နားလည်အောင် သွန်သင်ဆုံးမထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရေး အထူးကြပ်မတ်ပေးခြင်းဖြင့် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် တည်တံ့ခိုင်မြဲနေစေရေးအတွက် ဂိုဏ်းတစ်ပါး၏ အလိုကို အခြားဂိုဏ်းများက ဓမ္မဝိနယလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်လျော ဆောင်ရွက်ပေးခြင်းဖြင့် သူ့ဂိုဏ်းကိုယ့်ဂိုဏ်းဟု ဂိုဏ်းဂဏစွဲစိတ်များကို ပယ်ဖျောက်တော်မူကြကာ သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြုတော်မူကြခြင်းဖြင့် လည်းကောင်း၊ လုံ့လမယုတ် အားထုတ်ကြိုးပမ်းစွမ်းအားရှိသမျှ သာသနာပြုတော်မူခဲ့ကြပါဟု လျှောက်ထားအပ်ပါကြောင်း။

တပည့်တော်တို့ လျှောက်ထားအပ်ခဲ့ပြီးသည့်အတိုင်း နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအနေဖြင့် ကြီးမားသော လုံ့လဥဿာဟဖြင့် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်ချီးမြှောက်တော်မူခြင်း၊ ဩဝါဒကထာတို့ကို ချီးမြှောက်တော်မူခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအမှုုပြုသော ဌာနဆိုင်ရာအသီးသီး၏ ဝိုင်းဝန်းပေါင်းစပ်ပံ့ပိုးကူညီခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်တကွ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်အားလုံးတို့၏ ကျရာတာဝန်ကို နေ့နေ့ညည အားထုတ်ဆောင်ရွက်ခြင်း၊ ဆွမ်းဒါယကာ၊ ဒါယိကာမတို့နှင့် ဝေယျာဝစ္စအဖွဲ့တို့၏ ဘောဇနသပ္ပါယဖြစ်အောင် ဆောင်ရွက်ပေးခြင်းစသည်တို့ဖြင့် ဝိုင်းဝန်းကူညီထောက်ပံ့ခြင်းကြောင့်သာ ဤအစည်းအဝေးကြီး ချောမောအောင်မြင် ပြီးမြောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤကဲ့သို့ အားပေးချီးမြှောက်ထောက်ပံ့ ကူညီကြသော ရဟန်းရှင်လူအားလုံးတို့သည် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့ကြပါစေဟု ပတ္ထနာပြုဆုတောင်းလျက် တပည့်တော်၏ဩဝါဒကထာကို နိဂုံးချုပ်ပါကြောင်း မြွက်ကြားသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက ဇယန္တော ဗောဓိယာမူလေ အစချီ (၂) ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)နှင့် ဇနီးဒေါ်ကြိုင်ကြိုင် မိသားစုအမှူးပြုသည့် အငြိမ်းစားဓမ္မမိတ်ဆွေ မိသားစုများက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရန်ကုန်ရုံးခွဲဖွင့်

**ရန်ကုန် မတ် ၁၆**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ရန်ကုန်ရုံးခွဲဖွင့်ပွဲကို ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် (၆၂-က)ရှိ အဆိုပါရုံးအဆောက်အအုံ၌ ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျင်းပသည်။ ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဌာနဆိုင်ရာများမှ တာဝန်ရှိသူအားလုံးသည် မိမိတို့လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိထားရန် လိုအပ်ကြောင်း၊ ယင်းအချက်များသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ အသိပညာပေးမှုနှင့်အတူ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် ကျောသားရင်သားမခွဲခြားဘဲ အရေးယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းထိန်းညှိပြီး သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်ရန် ကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ အစိုးရ၏လည်ပတ်မှုစနစ်နှင့် နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များကြားတွင် ပိုမိုကောင်းမွန်သော အသိပညာများကို ဤရုံးခွဲမှ ပေးနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ရန်ကုန်ရုံးခွဲကို ဗဟိုပြု၍ ဆက်စပ်နေသော တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပညာပေးလုပ်ငန်းများ၊ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည့်အပြင် လူထုနှင့် ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံဆွေးနွေးနိုင်ခွင့်ရရှိလာမည်ဖြစ်ကြောင်း၊ ရန်ကုန်ရုံးခွဲသည် အများပြည်သူ အကျိုးစီးပွားအတွက် သာလျှင်ဖြစ်ရမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသတင်းစကားများကို ဖလှယ်ရာ၊ အကြံပေးဆွေးနွေးတိုင်ပင်ရာ၊ လေ့ကျင့်သင်ကြားပေးသောနေရာ၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရာနှင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာနေရာတစ်ခုအဖြစ် မကြာခင်ဖြစ်လာလိမ့်မည်ဟုလည်း မျှော်လင့်ထားကြောင်း၊ ပြစ်မှုကျူးလွန်ပြီးမှ အရေးယူဆောင်ရွက်ရသော နည်းလမ်းထက် ကြိုတင်တားဆီးကာကွယ်သော နည်းလမ်းကို ဦးစားပေးပြီး ဆောင်ရွက်နေသည်ကို လူအများက သိရှိနားလည်ထားကြပြီးဖြစ်ပါကြောင်း၊ အမှန်စင်စစ် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းသည် မှားယွင်းသော အတွေ့အကြုံများမှ သင်ခန်းစာရယူပြုပြင်ပေးသောနည်းလမ်းဖြစ်ပြီး မိမိတို့ကိုယ်တိုင် အခြားသူများအတွက် သင်ခန်းစာပေးသူများဖြစ်မလာကြစေရန် ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည့်ဝသောဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် လွတ်လပ်မျှတသောလူနေမှုဘဝကို ခိုင်မြဲစွာတည်ဆောက်ရန်ရည်မှန်းလျက် အဂတိလိုက်စားမှုများကို အင်တိုက်အားတိုက် တက်ညီလက်ညီတိုက်ဖျက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရန်ကုန်ရုံးခွဲဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ရန်ကုန်ရုံးခွဲအဆောက်အအုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကော်မရှင်ကမွှည်းကြေးပြားအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဧည့်သည်တော်များနှင့်အတူ အဆောက်အအုံအတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ၊ UNDP၊ UNODC၊ သံရုံးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီဒီယာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောများကိုကာကွယ်ရေး အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ပေး

**ဇော်မိုးထွန်း(မကွေး)**

အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကြိုးပမ်းဆောင်ရွက်နေကြသည်။ ညောင်ရွှေမြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၈၀၀ တွင်ရှိကာ အင်းလေးကန်၏ ရေဝေရေလဲဒေသတွင် ပါဝင်သောကြောင့် သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရန် ဒေသခံများက အစုအဖွဲ့ပိုင်သစ်တော(Community Forest)များ တည်ထောင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ လုပ်ကိုင်နေကြခြင်းဖြစ်သည်။



အင်းလေးဒေသတွင် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ထားမှုကို တွေ့ရစဉ်။

**"အင်းလေးဒေသတွင်းရှိ သစ်တောများ ပြုန်းတီးမှုမရှိစေရေး၊ သစ်အတန်းအစား လျော့ကျမှုမရှိစေရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ဒေသခံအစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်းဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်နေကြပြီး ဒေသခံပြည်သူ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဒေသပိုင်အစုအဖွဲ့သစ်တောများနှင့် တွဲဖက်ကာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT)ကို အကောင်အထည်ဖော် ဆောင်ရွက်နေ"**

### အင်းလေးကန်ရေဝေရေလဲဒေသ

အင်းလေးကန် ရေရှည်တည်တံ့စေရန်အတွက် ကန်၏ ရေဝေရေလဲဧရိယာ ၂၁၆၆ ဒသမ ၈ စတုရန်းမိုင်(၁၃၈၆၇၂၅ ဧက)တွင် သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရန် ဒေသခံများက အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ကာ ၂၀၀၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်နေခဲ့ခြင်းဖြစ်ကြောင်း တောင်ကြီးခရိုင် သစ်တောဦးစီးဌာနမှုလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ပြောသည်။

အင်းလေးကန် ရေဝေရေလဲဒေသတွင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများ ပါဝင်ပြီး ကြိုးဝိုင်းတော ရှစ်ခု၊ ကြိုးပြင်ကာကွယ်တော ရှစ်ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခုတို့ကို သစ်တောဦးစီးဌာန နှင့် အင်းလေးကန် ဇီဝအဝန်း ထိန်းသိမ်းရေးဌာနတို့အပြင် ဒေသခံများကပါ ဝိုင်းဝန်းထိန်းသိမ်းနေကြောင်း သိရသည်။

### ဒေသခံအစုအဖွဲ့ပိုင်သစ်တောများ

အင်းလေးကန် ရေဝေရေလဲဒေသ၏ အစပိုင်းဖြစ်သော ပွေးလှကန်ဒေသတစ်ဝိုက်တွင် ဒေသခံများက အစုအဖွဲ့ပိုင်သစ်တောထူထောင်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည်။ ပွေးလှကန်သည် အကျယ် ၃၈ ဧကနှင့် ရေဝပ်ဧရိယာ ၂၈ ဧကရှိကြောင်း သိရပြီး ဒေသခံများအနေဖြင့် အင်းလေးကန်၏ ရေဝေရေလဲဒေသ ပွေးလှကန်ဝန်းကျင်ကို ထိန်းသိမ်းရေးအတွက် ဒေသသစ်ပင်မျိုးများဖြစ်သော ပင်စိမ်း၊ ဝက်သစ်ချ၊ ခါတော်မီ၊ ရေသစ်ပင် စသည်တို့ကို စိုက်ပျိုးပြီး နှစ် ၃၀ မှ ၆၀ အထိ ဂရန်ရရှိအောင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောများအဖြစ် တည်ထောင် ထိန်းသိမ်းထားကြောင်း ဒေသခံများက ပြောပြသည်။

"ပွေးလှဒေသဟာ စိုက်ပျိုးရေးကို အခြေခံတဲ့အတွက် ရာသီဥတုကောင်းမှ စားဝတ်နေရေး အဆင်ပြေမယ်၊ ရာသီဥတု ကောင်းဖို့ဆိုရင် သစ်တောသစ်ပင်တွေ ရှင်သန်ကြီးထွားနေမှရမယ်၊ သစ်တောသစ်ပင်တွေ ရှင်သန်ကြီးထွားမှသာ အင်းလေးကန် ရေဝေရေလဲဒေသတွေအတွက်လည်း အဆင်ပြေမှာဖြစ်ပါတယ်"ဟု ပွေးလှကျေးရွာ ဒေသခံအစုအဖွဲ့ပိုင်သစ်တောထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးထွဋ်က ပြောသည်။

ပွေးလှဒေသခံများအနေဖြင့် သဘာဝဘေးဒဏ်ကြောင့် လဲကျသော သစ်ပင်များကိုသာ ခုတ်လှဲခွင့်ရှိပြီး ၎င်းသစ်ပင်များမှရသောသစ်များကို ကျေးရွာဘုန်းကြီးကျောင်း၊ ကျေးရွာခန်းမနှင့် စာသင်ကျောင်းစသော နေရာများအတွက်သာ အသုံးပြုကြကြောင်း၊ ဒေသခံများအနေဖြင့် သစ်ပင်များကို ထိန်းသိမ်းတတ်စေရန် အသိပညာပေးခြင်းအပြင် ဒေသန္တရအမိန့်နှင့် သစ်တောဌာနက ထုတ်ပြန်ထားသော ဥပဒေနှင့် အမိန့်များ ပေါင်းစပ်ကာ သစ်ပင်မခုတ်လှဲစေရေး ဆောင်ရွက်နေကြောင်းလည်း အဖွဲ့ဥက္ကဋ္ဌက ဆက်လက်ရှင်းပြသည်။

### ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း

ပွေးလှကျေးရွာ၌ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism-CBT)ကိုလည်း ဆက်လက် အကောင်အထည်ဖော်ကာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံများက ကြိုးပမ်းနေကြကြောင်း သိရသည်။

ပွေးလှကန်ပတ်လည် ပေ ၇၀၀၀ ကျော်အတွင်း ရှားပါးတိရစ္ဆာန်များဖြစ်သည့် ဒေါင်းစိမ်းနှင့် ရေကျွဲတို့ကို မွေးမြူထားကြောင်း၊ ထိုရှားပါးတိရစ္ဆာန်များနှင့် ဒေသခံအစု အဖွဲ့ပိုင်သစ်တောများကို နိုင်ငံခြားသားများ လည်ပတ်ကြည့်ရှု နိုင်ရန်မြင်း၊ နွားလှည်းများကိုလည်း စီစဉ်ထားကြောင်း၊ နိုင်ငံခြားဧည့်သည်များအတွက် ၎င်းတို့၏ နိုင်ငံအလံနှင့် အမည် တို့ကို ဖော်ပြထားသည့် သစ်ပင်များကို သစ်တောအတွင်း စိုက်ပျိုးနိုင်ရန်လည်း ဆောင်ရွက်ပေးပြီး သစ်ပင်များ ရှင်သန်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေးကာ ဝင်ငွေအခွင့် အလမ်းရရှိစေရန် ကြိုးပမ်းမည်ဖြစ်ကြောင်းလည်း သိရသည်။

အင်းလေးကန်၏ ရေဝေရေလဲဒေသများ ရေရှည်တည်တံ့စေရေးအတွက် ညောင်ရွှေမြို့နယ်တွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တော ၃၄၄၂၄ ဒသမ ၅၈ ဧကကို ရွာပေါင်း ၁၀၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေထံမှ သိရသည်။

"ဒေသခံအစုအဖွဲ့ပိုင် သစ်တောတွေ တည်ထောင်ဖို့ ပအိုဝ်းနဲ့ တောင်ရိုး တိုင်းရင်းသားတွေက ပိုစိတ်ဝင်စားတယ်။ သစ်တောသစ်ပင်ကို ထိန်းသိမ်းတတ်စေဖို့ တိုးချဲ့ပညာပေးတာအပြင် သစ်ပင်မစိုက်ရင် သစ်တောကြိုးဝိုင်းထဲမှာပါတဲ့ မြေတွေကို ပြန်သိမ်းမယ်ဆိုပြီးတော့လည်း ပြောဆိုစိုက်ပျိုးခိုင်းရပါတယ်"ဟု ၎င်းက ဆက်ပြောပြသည်။

### ညောင်ရွှေဒေသ ဆောင်းခိုငှက်များ

ညောင်ရွှေဒေသခံများအနေဖြင့် သစ်တောများကို ထိန်းသိမ်းရန် ဆောင်ရွက်နေကြသော်လည်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တိုးတက်များပြားလာနေသည့်အတွက် ဟိုတယ်ဇုန်တည်ဆောက်ရန် နမ့်ပန်ကျေးရွာအုပ်စု အင်ကြင်းကုန်း (ကန်လက်ကျေးရွာအနီး)မှ မြေ ၆၂၂ ဧကကို နိုင်ငံတော်က သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ရကြောင်း သိရသည်။ ညောင်ရွှေဒေသသည် ဆောင်းရာသီတွင် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မှ မတွေ့ရသော ငှက်မျိုးစိတ်များကို တွေ့နိုင်သော ဒေသဖြစ်ပြီး ငှက်များ၏ အနောက်အာရှ-အရှေ့အာဖရိက ပျံသန်းလမ်းကြောင်းနှင့် အရှေ့အာရှ-ဩစတြေးလျ-အာရှ ပျံသန်းလမ်းကြောင်းတို့ ပေါင်းဆုံရာ တစ်ခုတည်းသော ဒေသဖြစ်၍ ရှားပါးငှက်မျိုးစိတ်များကို တွေ့ရခြင်းဖြစ်ကာ ထိုငှက်များကို လာရောက်ကြည့်ရှုသူလည်း များသောကြောင့် ဟိုတယ်ဇုန်တည်ဆောက်ရန် လိုအပ်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားဧည့်သည် အများအပြား လာရောက်လည်ပတ်လေ့ရှိသော အင်းလေးဒေသတွင် အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်၍ ထိန်းသိမ်းနေကြသလို တစ်ဖက်တွင်လည်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်နေကြောင်း လွယ်ခေါ်ကျေးရွာရှိ ဒေသခံအစုအဖွဲ့ပိုင်သစ်တော ဥက္ကဋ္ဌ ခွန်ညွန့်မောင်က ပြောသည်။

### အင်းလေးကန် ရေရှည်တည်တံ့စေရေး

အင်းလေးဒေသတွင်းရှိ သစ်တောများ ပြုန်းတီးမှုမရှိစေရေး၊ သစ်အတန်းအစား လျော့ကျမှုမရှိစေရေးနှင့် အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ဒေသခံအစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ခြင်းဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်နေကြပြီး ဒေသခံပြည်သူ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဒေသပိုင်အစုအဖွဲ့သစ်တောများနှင့် တွဲဖက်ကာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT)ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ် သည်။

လွယ်ခေါ်ကျေးရွာ၌ အစုအဖွဲ့ပိုင်သစ်တော ထူထောင်ပြီးနောက် ဒေသခံများအား တောမီးမရှို့ရန်၊ တောမီးလောင်နေပါက သိလျှင်သိချင်း မောင်းထု၍ တစ်အိမ်တစ်ယောက် မထွက်မနေရစနစ်ဖြင့်ထွက်၍ တောမီးငြိမ်းသတ်ရန် စီစဉ်ထားကြောင်း သိရသည်။ ထို့အပြင် ထင်းများကို စည်းကမ်းမဲ့ ခုတ်ယူမှု မရှိစေရေးအတွက် သစ်ပင်များမှ သစ်ကိုင်းခြောက်များကိုသာ ထင်းအဖြစ် တစ်အိမ်ထောင်လျှင် တစ်ယောက်နှုန်းဖြင့် စုပေါင်းခုတ်ယူကြကာ ထိုထင်းများကို လေးတောင် ပတ်လည်စီပုံ၍ တစ်အိမ်ထောင်လျှင် ထင်းတစ်ပုံစီကို မဲနှိုက်ပေးခြင်းဖြင့် သုံးစွဲကြကြောင်း သိရသည်။

လွယ်ခေါ်ကျေးရွာတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း စတင်လုပ်ကိုင်နေပြီဖြစ်ရာ လာရောက်လည်ပတ်သော ဧည့်သည်များအတွက် အခန်း ရှစ်ခန်းပါ အဆောက်အအုံတစ်လုံးကို တည်ဆောက်ထားပြီး ထိုအဆောက်အအုံတွင် တည်းခိုစေ၍ဒေသထွက် အစားအစာများကို ကျွေးမွေး ကြောင်း၊ ညပိုင်းတွင် ပအိုဝ်းရိုးရာအကများဖြင့် ကပြဖျော်ဖြေပြီး အကအဖွဲ့တစ်ဖွဲ့ ဖျော်ဖြေခြင်းအတွက် ကျပ် ၃၀၀၀၀ သတ်မှတ်ကာ ကပြသောအဖွဲ့ကို ကျပ် ၁၅၀၀၀ ပေး၍ ကျန် ငွေ ၁၅၀၀၀ ကို ကျေးရွာရန်ပုံငွေအဖြစ် သုံးစွဲကြောင်း လွယ်ခေါ်ကျေးရွာ အစုအဖွဲ့ပိုင်သစ်တော ဥက္ကဋ္ဌက ဆိုသည်။

### ခရီးသွားများအတွက် စိတ်ဝင်စားစရာနေရာ

ကျောင်းနား၊ အလယ်၊ ကုန်းပေါ်၊ အင်းသာနှင့် မြောက်ရွာဆိုသည့် ကျေးရွာငါးရွာကို စုပေါင်းထားသော လွယ်ခေါ်ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ တွင် တည်ရှိကာ ဆေးပေါ့လိပ်လိပ်ရာတွင် အသုံးပြုသော သနပ်ဖက်လုပ်ငန်းကိုလည်း လုပ်ကိုင်သည့်အပြင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သော နေရာဒေသဖြစ်၍ နိုင်ငံခြားသား ခရီးသွားများအတွက် စိတ်ဝင်စားစရာ နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစရာ အင်းလေးကန် ရေရှည်တည်တံ့စေရန်နှင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန် အတွက် ဒေသခံများက ဒေသခံအစုအဖွဲ့ပိုင်သစ်တောနှင့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ ထူထောင်လျက်ရှိရာတွင် သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်နှင့် နည်းပညာကိုသာ ပံ့ပိုးပေးနိုင်ကြောင်း၊ လုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် ထပ်မံတိုးပွားလာစေရန် လိုအပ်သော ငွေကြေး များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းပံ့ပိုးပေးပါက သစ်တောပြုန်းတီးမှုကို ယခုထက်ပို၍ ထိရောက်စွာ ကာကွယ် နိုင်မည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ အရာရှိတစ်ဦးက အကြံပြုပြောကြားသည်။

### UN-REDD အစီအစဉ်

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း(UNFCCC)တွင် ပါဝင်ပြီး ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို လျှော့ချရန် ကတိကဝတ်ပြုထားသော နိုင်ငံတစ်ခုဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုတွင် သစ်တောကဏ္ဍသည် အထူးအရေးကြီးလှပေသည်။ သစ်တောပြုန်းတီးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် သစ်တောများ၏ အရေးကြီးသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီး သစ်တောဧရိယာ တိုးပွားရန်လည်း ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ အစီအစဉ်တစ်ခုဖြစ်သော UN-REDD အစီအစဉ်လည်း အပါအဝင် ဖြစ်ပြီး UN-REDD အစီအစဉ်၏ အထောက် အပံ့ဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် Myanmar REDD+ National Program ကို သစ်တောဦးစီးဌာနက ဦးဆောင် ကာ ၂၀၁၆-၂၀၂၀ စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

REDD+ အစီအစဉ်သည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစားကျဆင်းခြင်းမှ ကာကွယ်သလို ကာဗွန်ထုတ်လုပ်မှု အမှန်တကယ်လျှော့ချနိုင်သော ဖွံ့ဖြိုးဆဲနိုင်ငံများကို လျှော့ချနိုင်သော ပမာဏအလိုက် Carbon Credit အဖြစ် ငွေကြေးတန်ဖိုးသတ်မှတ်ကာ ထောက်ပံ့ကူညီမှုပြုလုပ်မည့် မူဝါဒရေးရာ မက်လုံးပေးသည့် လုပ်ငန်းစဉ် ဖြစ်သည်။

အဆိုပါ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအတွင်း သစ်တောများ လျော့ကျမှုမရှိစေရန်နှင့် ထပ်မံပြီး သစ်တောများ တိုးပွားရေးအတွက် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ကဲ့သို့ ဒေသခံ အစုအဖွဲ့ပိုင်သစ်တော (Community Forest)များကို နိုင်ငံအနှံ့ တည်ထောင် အကောင်အထည် ဖော်ကြခြင်းဖြင့် နိုင်ငံအဝှမ်း သစ်တောစွမ်းဖြင့် စိမ်းလန်းစိုပြည်စေရမည်ဆိုသော ဆောင်ပုဒ်အတိုင်း နိုင်ငံတော်တစ်ခုလုံး သစ်ပင်များဖြင့် သာယာစိမ်းလန်း စိုပြည်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ရွှေကျင်မြို့မရဲစခန်း အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

ပဲခူး မတ် ၁၆

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးခရိုင်တရားသူကြီး ဦးတက်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထွန်း၊ ရွှေကျင်မြို့နယ်တရားသူကြီး ဦးတင်မျိုး၊ မြို့နယ်ဒုတိယတရားသူကြီး ဦးသွင်မွန်ဦးတို့နှင့်အတူ မတ် ၁၂ ရက်က ရွှေကျင်မြို့မရဲစခန်း၊ အချုပ်ခန်းရှိ တရားရုံးစစ်ဆေးဆဲ အချုပ်သားများအား ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ/ မရှိ၊ ဥပဒေနှင့် မညီဘဲ မတရားဆောင်ရွက်ထား မှု များ ရှိ/မရှိ၊ အချုပ်တရားခံများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှုရှိ/မရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိ /မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိ/မရှိ၊ အမျိုးသမီးအဖော် အစောင့်အရှောက်များဖြင့် ထားရှိခြင်းရှိ/မရှိ၊ ညှဉ်းပန်းနှိပ်စက်မှုရှိ/မရှိတို့ကို အချုပ်သူ အချုပ်သားများအား တွေ့ဆုံးမေးမြန်းကာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

သန့်စင်(ပဲခူး)

# မြင်းခြံသံမဏိစက်ရုံအနီးရှိ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်နှစ်အလိုက် တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ယခုနှစ်နွေရာသီတွင် တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် မြင်းခြံသံမဏိစက်ရုံအနီးတွင် စင်ကာပူသမ္မတနိုင်ငံ အခြေစိုက်ကုမ္ပဏီဖြစ်သည့် Sembcorp Power Myanmar Co.,ltd မှ အကောင်ထည်ဖော်တည်ဆောက်ခဲ့သည့် ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါ ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ဖွင့်လှစ်သည့် စက်ရုံမှ ထွက်ရှိသည့် ဓာတ်အား ၂၂၅ မဂ္ဂါဝပ် ကို၂၃၀ ကေဗွီ မြင်းခြံ-သပြေဝ ဓာတ်အားလိုင်းနှင့်ချိတ်ဆက်ပြီး ဓာတ်အားစနစ်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားသည့်အတွက် တစ်နိုင်ငံလုံးရှိပြည်သူများသို့ ဖြန့်ဖြူးပေးထားသည့် စက်ရုံများထဲမှ တစ်ရုံဖြစ်ပါကြောင်း၊ ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် တည်ငြိမ်စိတ်ချ၍ အရည်အသွေးကောင်းမွန်သည့်လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ရမည်ဖြစ်ကြောင်း။

**ဓာတ်အားပြတ်တောက်မှု လျော့နည်းလာ**

မိမိတို့ အစိုးရလက်ထက်တွင်ပြည်သူများသို့ တည်ငြိမ်စိတ်ချ၍ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုလက်ရှိတွင် ယခင်ထက် ဓာတ်အား ပြတ်တောက်မှုလျော့နည်း လာခြင်း၊ ဗို့အား တည်ငြိမ်စွာဖြင့် အသုံးပြုလာနိုင်ခြင်း၊ ဗို့အားပိုမိုကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများအား ပြည်သူများ ခံစားလာရပြီဖြစ်ပါကြောင်း၊ ယခင်က တစ်နှစ်အတွင်းတစ်နိုင်ငံလုံး ဓာတ်အားပြတ်တောက်ခြင်း (System Breakdown) အကြိမ်ရေများစွာ ဖြစ်ခဲ့သော်လည်း ယခုအခါ System Breakdown အရေအတွက်ကို သိသိသာသာလျှော့ချနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မကြာမီတွင် System Breakdown လုံးဝမဖြစ်ပေါ်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဓာတ်အားစနစ်တွင် အရန်ဓာတ်အားပေး စက်များလည်းရှိရမည်ဖြစ်ပြီး သို့မှသာ အရေးပေါ်အခြေအနေများတွင် တည်ငြိမ်စိတ်ချ၍ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အားကို ဆက်လက်ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ တွင် အမြင့်ဆုံးဓာတ်အားလိုအပ်ချက် ထက် ပိုမိုသည့်ဓာတ်အားထုတ်နိုင်စွမ်း ရှိရမည်ဖြစ်ပြီး အရေးပေါ်အခြေအနေများ တွင်လည်း တည်ငြိမ်စိတ်ချ၍ အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဓာတ်အားကိုဖြန့်ဖြူးပေးနိုင်ရန် အရန်ဓာတ်အားပေးစက်များလည်း ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် နောက် ၃ နှစ် အတွင်း နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ်ခန့် ပိုမိုထုတ်လုပ်ပေးနိုင်ရန်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိရာ၂၀၁၈ ခုနှစ်နိုဝင်ဘာလအထိ အိမ်ထောင်စုပေါင်း ၄.၇၀၉သန်း (၄၃%) ခန့် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီး ၆ ဒသမ ၁၆၈ သန်း (၅၇%) ခန့်သည် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိနေသေးပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေများရယူခြင်း အပါအဝင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေများ သုံးစွဲပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်နိုဝင်ဘာလတွင် တစ်နိုင်ငံလုံး အိမ်ထောင်စုအားလုံး၏ (၅၀%) ကျော်ခန့်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိတော့မည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာန၏ လွန်စွာဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းသည့် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အခြေခံအကျဆုံးသည် လျှပ်စစ်ဓာတ်အားဖြစ်သည်နှင့်အညီ ၂၀၂၁ ခုနှစ်တွင် ၅၅%၊ ၂၀၂၆ ခုနှစ်တွင် ၇၅% အထက် နှင့်၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြင်းခြံမြို့ရှိ ၂၂၅ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**အမှာစကားပြောကြား**

ထို့နောက် စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှု၊ ပညာရေးဝန်ကြီး Mr. Chee Hong Tat၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးနှင့် Sembcorp Industries Ltd မှ အမှုဆောင်အရာရှိချုပ် Mr. Neil McGregor တို့က အမှာစကားပြောကြားခဲ့ပြီး ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းဆောင်ရွက်ခဲ့မှု ဗီဒီယိုရုပ်သံမှတ်တမ်းအားပြသခဲ့ကာ မြင်းခြံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် ၂၂၅ မဂ္ဂါဝပ်သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံအား ဒုတိယဝန်ကြီးဒေါက်တာထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ စွမ်းအင်နှင့် လျှပ်စစ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မြင်းခြံမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့်နှင့် ဦးစစ်အေး၊ SMPC မှ မန်နေးဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့် စက်မှု၊ ပညာရေးဝန်ကြီး Mr. Chee Hong Tat၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် Sembcorp Industries Ltd မှ အမှုဆောင်အရာရှိချုပ် Mr. Neil McGregor တို့မှ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲ ၈၅၈ တွဲကို ယူရိုငွေ ၇၈ ဒသမ ၈၂၅ သန်းဖြင့် ရောင်းချနိုင်ခဲ့

နေပြည်တော် မတ် ၁၆

**၂၀၁၉ ခုနှစ် (၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲ စုစုပေါင်း ၈၅၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။**

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် ၁၂၀၁ မှ ၂၄၀၀ အထိ တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၈၅၈ တွဲကို ယူရိုငွေ ၇၈ ဒသမ ၈၂၅ သန်းဖြင့်ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ဒီပြပွဲကို ကုန်သည်တွေ အရင်ကထက် အဝင်နည်းတယ်လို့ ထင်ရတယ်၊ ပြပွဲမှာ ကျောက်တွဲ ၈ တွဲ တင်ပြရောင်းချထားပါတယ်။ ပြပွဲမှာ ကိုယ့်ကျောက်တွဲလည်းတင်၊ ကိုယ်ကိုယ်တိုင်လည်း ကျောက်ကောင်းရွေးချယ်ပြီး တင်ဒါထည့်သွင်းဝယ်ယူပါတယ်။ ပြပွဲမှာက မြန်မာမှာထွက်တဲ့ ကျောက်ကောင်းတွေအားလုံးကို တစ်နေရာတည်း တွေ့ရတဲ့အတွက် တခြားကုန်သည်တွေနဲ့ယှဉ်ပြီး ဈေးပေးဝယ်ရတာရှိသလို ကျောက်အကြောင်း ပိုသိရလို့ အတွေ့အကြုံရပါတယ်" ဟု မန္တလေးမြို့ ကျောက်မျက်ကုမ္ပဏီတစ်ခုမှ ကုန်သည်တစ်ဦးက ပြောသည်။



မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာကုန်သည်များက ကျောက်များရွေးချယ်ဝယ်ယူနေစဉ်။



မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ကျင်းပစဉ်။

ယမန်နေ့က ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၂၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၁၀၅၀ တွဲကို ယူရိုငွေ ၄၆ ဒသမ ၅၀၅ သန်းဖြင့် ရောင်းချနိုင်ခဲ့သဖြင့် ယနေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၉၀၈ တွဲ ရောင်းချရမှုမှ ယူရိုငွေ ၁၂၅ ဒသမ ၃၃၀ သန်း ရရှိကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ ထိုင်း၊ ဩစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၁၁ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၄၆ ဦး စုစုပေါင်းရတနာကုန်သည် ၄၅၅၇ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်း ပြည်ပရတနာကုန်သည် အများအပြား တက်ရောက်ကြသည်။

အဆိုပါ ပြပွဲသို့ လာရောက်လေ့လာသည့် ဖားကန့်၊ လုံးခင်းဒေသ၌ ရေမဆေးကျောက် ရှာဖွေသူ မြိုင်မြို့နယ်နေသူ တစ်ဦးက "ကျောက်တွေကို စရိတ်အကုန်အကျခံပြီး ကျောက်တွဲတွေ လာကြည့်တာပါ။ ဖားကန့်၊ လုံးခင်းဘက်မှာ မိတ်ဆွေ၊ သူငယ်ချင်းတွေစုပြီး စီးပွားရေးအတွက် ရေမဆေးကျောက်ရှာဖွေတဲ့အလုပ်လုပ်ပါတယ်၊ ကျောက်အကြောင်း၊ ကျောက်ဈေးနှုန်းတွေ အကြောင်း သိချင်လို့ လာလေ့လာတာပါ" ဟု ပြောသည်။

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၄၀၁ မှ ၃၆၀၀ အထိ လည်းကောင်း၊ မတ် ၁၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ အထိလည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ လည်းကောင်း၊ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ လည်းကောင်း ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မွေးကြူဇင်၊ ခွန်ဝင်းပ**
**ဓာတ်ပုံ- အေးသန်း**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိစက်ရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)သို့ရောက်ရှိပြီး မော်တော်ယာဉ်အသစ်များအား မြန်မာနိုင်ငံအတွက် သီးသန့်ပုံစံ Ambulance ယာဉ်များအဖြစ် အဆင့်မြှင့်တင် မွမ်းမံဆောင်ရွက်နေသည့် အခြေအနေများ၊ ပူးပေါင်းအဖွဲ့မှ သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း ဈေးနှုန်းအမျိုးအစားအလိုက် ဒီဇိုင်းပုံစံထုတ်ဆောင်ရွက်ပေးနေမှုနှင့် စက်မှုနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများအား On Job Training အဖြစ် လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ဆန်းသစ်မှုများ အမြဲမပြတ်ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁၄)အကြီးစားစက်ရုံသို့ ရောက်ရှိပြီး လောင်စာနှစ်မျိုးသုံး Dual Fuel Engine များအဖြစ် အဆင့်မြှင့်တင် ထုတ်လုပ်မည့် V6 နှင့် V8 Diesel Engine များအား Test Bench ပေါ်တွင် စမ်းသပ်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး နမူနာဒီဇယ်အင်ဂျင်နှစ်လုံးအား စင်ကာပူနိုင်ငံတွင် LNG/ CNG/ LPG Engine အဖြစ် ပြောင်းလဲအောင်မြင်ပြီးဖြစ်၍ စက်ရုံရှိအင်ဂျင်များ အားဆက်လက်ပြောင်းလဲရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ရရှိလာမည့် နည်းပညာသစ်များအား ကြိုးစားလေ့လာသင်ယူကြရန်နှင့် ပျောက်ပျက်မသွားစေရေး ဆင့်ပွားသင်တန်းများပေးရန် ထုတ်လုပ်မှုနည်းစဉ်တွင် သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်နှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို အမြဲမပြတ်ဆောင်ရွက်ကြရန် မှာကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂၆) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး လျှပ်စစ်မီးမရရှိသေးသော ကျေးလက်ဒေသနေပြည်သူများအတွက် (3.0 kw) Mini Hydro Cross Flow Turbine ၏ အစိတ်အပိုင်းများကို ရေးဆွဲပြီးဖြစ်သည့် ဒီဇိုင်းပုံစံများအတိုင်း အမြန်ဆုံးထုတ်လုပ်နိုင်ရေးနှင့် စမ်းသပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ်(၁၅) အကြီးစားစက်ရုံ(သာဂရ)ရှိ လူနာတင်ယာဉ် တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းခွင်တွင် စက်မှုနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများအား လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှုအား ကြည့်ရှုစဉ်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**မန္တလေး မတ် ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက် ၉ နာရီတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များမှ တင်ဒါလက်ခံရယူ ဆောင်ရွက်နေသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှု အခြေအနေများကို အဆိုပါပုံနှိပ်တိုက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်တို့နှင့်အတူ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ တင်ဒါလက်ခံရယူ ဆောင်ရွက်နေကြသည့် ထိပ်တန်းပုံနှိပ်တိုက်၊ တတိယလှိုင်းပုံနှိပ်တိုက်နှင့် ရတနာမိုးပုံနှိပ်တိုက်တို့သို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနာယက ဦးတင်စိန်နှင့် အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးတို့က လက်ရှိလုပ်ငန်းပြီးစီးမှုနှင့် ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကျောင်းသုံးစာအုပ်များ သတ်မှတ်အချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် ပုံနှိပ်အရည်အသွေး ပြည့်မီရန် အလေးထားဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး လုပ်ငန်းအတွက် အခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်းပြောကြားကာ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ ရောက်ရှိလာရာ စက်ရုံမှူး ဦးအောင်ဆွေမြင့်က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ထုတ်လုပ်ထောက်ပံ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ စက်ရုံအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးဝင်းအတွင်း ဒေသခံပြည်သူများ၏ လှူဒါန်းငွေဖြင့် တည်ဆောက်နေသည့် လူထုအခြေပြုဗဟိုဌာန (Community Centre) ကို သွားရောက်ကြည့်ရှုအားပေးပြီး ဌာနအတွင်းဖွင့်လှစ်ထားသည့် ကလေးစာဖတ်ခန်းနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်စာအုပ်လမ်းတွင် ကလေးစာပေစာအုပ်များ လာရောက်ဝယ်ယူသူများပြား

ရန်ကုန် မတ် ၁၆

**ရန်ကုန်စာအုပ်လမ်းတွင် နွေရာသီကျောင်းပိတ်ရက်၌ ကလေးစာပေစာအုပ်များ လာရောက်ဝယ်ယူသူ များပြားလျက်ရှိသည်။**

**စာအုပ်တိုက် ၃၆ တိုက်ရှိ**

ရန်ကုန်စာအုပ်လမ်း၏ သတ္တမမြောက်အပတ်၏ စနေနေ့တွင် ကလေးစာပေစာအုပ်များ လာရောက်ဝယ်ယူသူများပြားလျက်ရှိပြီး စာအုပ်ထုတ်ဝေသူများကလည်း ပဲခူးမြို့တွင် ကလေးစာပေပွဲတော်ကျင်းပရန် စီစဉ်နေသဖြင့် ကလေးစာပေ ထုတ်ဝေသူများကို စုဆောင်းလျက်ရှိရာ ကလေးစာပေဖြန့်ချိသည့် စာအုပ်တိုက် ၃၆ တိုက်ရှိကြောင်း စိန်မိုးယံစာပေမှ ကိုဖြိုးက ပြောသည်။

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်ကျေးရွာမှ လာရောက်ဝယ်သူ ကိုအောင်ကျော်ဖြိုးနှင့် ဇနီးတို့ကလည်း ၎င်းတို့၏ကလေးများအတွက် ကလေးစာအုပ်များ လာရောက်ဝယ်ယူရာ "အိမ်က ကလေးက အသက် တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ ကလေးကို သူ့ရဲ့ရှေ့မှာ ဒီကဝယ်သွားတဲ့စာအုပ်တွေကို ဖတ်ပြရင် ကလေးက စာတော့မသိပေမယ့် သူလိုက်ဆိုပြီး စာအုပ်တွေကို ကြည့်တတ်လာပြီး စာဖတ်ဝါသနာပါလာအောင် စာအုပ်ဝယ်ပေးတာပါ" ဟု ပြောသည်။

**ပဟေဠိအစီအစဉ်များ ကျင်းပ**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စာအုပ်လမ်း၏ ယနေ့ နံနက် ၁၁ နာရီတွင် ပြုံးစာပေမှ သခင်မြသန်း၏ ရောဝတီ စာအုပ် မိတ်ဆက်ပွဲ၊ မွန်းလွဲ ၂ နာရီတွင် စာရေးဆရာ ချစ်ဦးညို၏ "အကြောက်တရား" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ မွန်းလွဲ ၃ နာရီတွင် စာရေးဆရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ "ခြောက်ဆယ်အရွယ် စမ်းထတယ်" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ ညနေ ၄ နာရီတွင် သီဟရတနာစာအုပ်တိုက်မှ စီစဉ်သည့် မော်ဒယ်လ် မိုးမြင့်သဇင်က စာပေ ပဟေဠိအစီအစဉ်များကို ကျင်းပခဲ့ကြောင်း စာအုပ်လမ်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ စနေ-တနင်္ဂနွေ စာအုပ်လမ်း စာအုပ်ဆိုင်များ၌ ဝယ်ယူအားပေးနေသူများကို တွေ့ရစဉ်။

**သန့်ဇင်ဝင်း၊ ဓာတ်ပုံ-ရဲထွဋ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၄)
## ကောင်စီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည် -

(က) ကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်၊ အဆောက်အဦ ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့၊ ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (၁၅) | အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (၁၆) | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူသုံးဦး | အဖွဲ့ဝင် |
| (၁၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကောင်စီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒများနှင့်လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ လုပ်ငန်းခွင်အဆိပ်သင့်မှု၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ဘေးအန္တရာယ်ရှိသောပစ္စည်း၊ ဘေးအန္တရာယ်ရှိသောစက်ကိရိယာ၊ ဘေးအန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်ဆိုင်ရာစာရင်းနှင့် ဘေးအန္တရာယ်ရှိသောပစ္စည်းများ၏ အန္တရာယ်ရှိမှုအဆင့်သတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားမှု၊ လုပ်ငန်းခွင်အဆိပ်သင့်မှု၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှု၊ ဘေးအန္တရာယ်ရှိသော ဖြစ်ရပ်များနှင့် စပ်လျဉ်းသည့် စာရင်းဇယားနှင့် သတင်းအချက်အလက်များ စုစည်းခြင်း၊ မဖြစ်ပွားစေရေး ကာကွယ်ဆောင်ရွက်ထားမှုများကို ထုတ်ပြန်ခြင်း၊

(င) ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး ကဏ္ဍအသီးသီးတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဘာသာရပ်များထည့်သွင်းပို့ချရန် လမ်းညွှန်ခြင်း၊

(စ) ပုဒ်မ ၄၄ နှင့် ၄၅ တို့ အရ တင်သွင်းသည့် အယူခံမှုများအား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် ကောင်စီအဖွဲ့ဝင်များဖြင့် အယူခံကော်မတီနှင့် လိုအပ်သည့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊

(ဆ) မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ တင်ပြခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့် စတင်လုပ်ကိုင်လိုသူတို့သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအား စာရင်းပြုစုထားရှိရမည်။

၉။ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလို့ငှာ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ အကြောင်းကြားရမည် -

(က) အလုပ်ရုံ သို့မဟုတ် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊

(ခ) လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်း။

၁၀။ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပြီး လုပ်ကိုင်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲလုပ်ကိုင်ခြင်း သို့မဟုတ် အလုပ်ရှင်ပြောင်းလဲခြင်းရှိပါက ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၁။ ဦးစီးဌာနသည် လုပ်ငန်းပြီးဆုံးခြင်း၊ ပိတ်သိမ်းခြင်း၊ လုပ်ငန်းနေရာပြောင်းရွှေ့လုပ်ကိုင်သည့်လုပ်ငန်းများကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲလုပ်ကိုင်ခြင်း၊ အလုပ်ရှင်ပြောင်းလဲခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်စာရင်းသွင်းခြင်းပြုရမည်။

## အခန်း(၆)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံများ ခန့်အပ်တာဝန်ပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း

၁၂။ အလုပ်ရှင်သည် -

(က) ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံကို ခန့်ထားရမည်။

(ခ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေ အောက်မနည်းသော လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက် တူညီသောအလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီအသီးသီးကို ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းခွင်သဘောသဘာဝအရ အမျိုးသမီးများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အပေါ် ထည့်သွင်းစဉ်းစား၍ ဖွဲ့စည်းရမည်။

၁၃။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးထိခိုက်စေနိုင်မည့် အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြန်လည်သုံးသပ်ချက်များကို သက်ဆိုင်ရာကော်မတီအစည်းအဝေး၌ တင်ပြခြင်း၊

(ခ) လုပ်ငန်းခွင် ထိခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် အသိပညာပေးမှု အစီအမံများ ချမှတ်ဆောင်ရွက်ရန် အလုပ်ရှင်အား အကြံပြုခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်စေရန် သင်တန်းပို့ချရေးနှင့် အထောက်အပံ့ပစ္စည်းများ ရရှိစေရေး အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ် အကဲဖြတ်ဆန်းစစ်မှုအား စိစစ်ကြီးကြပ်ခြင်း၊

(င) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က သတ်မှတ်သည့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၁၄။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဤ ဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၇)
## စစ်ဆေးရေးအရာရှိများခန့်ထားခြင်း၊စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏အခွင့်အာဏာနှင့်လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိများသည် ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ဝင်ရောက်စစ်ဆေးပြီး သက်ဆိုင်ရာအလုပ်ရှင်အား လိုက်နာဆောင်ရွက်ရမည့် အချက်များကို ညွှန်ကြားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

၁၇။ စစ်ဆေးရေးအရာရှိများသည် ကျင့်ဝတ်နှင့်အညီ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတို့အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) ဤဥပဒေနှင့် သက်ဆိုင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကိုပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေးဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့် စုံစမ်းမေးမြန်းခွင့်၊

(ခ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာ မှတ်တမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများကို ကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ငန်းစဉ်များကို ဓာတ်ပုံနှင့် ရုပ်သံမှတ်တမ်းရယူခွင့်၊

(ဃ) ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့များနှင့် ဘေးအန္တရာယ်ရှိသော ပစ္စည်းများကြောင့် လုပ်ငန်းခွင် ပတ်ဝန်းကျင်အား ထိခိုက်နိုင်မှုပမာဏနှင့် အချိန်အား လိုအပ်ပါက သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သူ၏ အကူအညီဖြင့် အကဲဖြတ်တိုင်းတာခွင့်၊ မှတ်တမ်းများရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှု သို့မဟုတ် ရရှိနိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသိအမှတ်ပြုဆရာဝန်၏ အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူကိုမဆို အလုပ်ချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(စ) လုပ်ငန်းခွင် ထိခိုက်မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိမှုကြောင့်ဖြစ်စေ ဆေးကုသမှုခံယူနေသော အလုပ်သမားနှင့်ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာမှ ဦးစီးဌာန၏ သတ်မှတ်ပုံစံဖြင့် တောင်းခံသည့် အချက်အလက်များကို သတ်မှတ်လုံခြုံမှုအဆင့်အတန်းဖြင့် ပေးပို့ရန် ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိသူထံမှ တောင်းဆိုခွင့်။

၁၈။ စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်၊ ကြီးမားပြင်းထန်သော လုပ်ငန်းခွင် ထိခိုက်မှုများဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားနိုင်မည်ဟု ယုံကြည်ပါက လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားစေရန် အမိန့်ကို စစ်ဆေးရေးအရာရှိချုပ်၏ အတည်ပြုချက်ဖြင့် အလုပ်ရှင်အား ထုတ်ဆင့်ရမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနများသို့ အကြောင်းကြားရမည်-

(က) ဘေးအန္တရာယ်မကင်းသော လုပ်ငန်းခွင် အခြေအနေကြောင့်ဖြစ်စေ၊ အလုပ်သမားများ ဘေးအန္တရာယ်မကင်းစွာ လုပ်ကိုင်နေမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ရှိသောပစ္စည်းနှင့် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများ ရှိနေခြင်းကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကိရိယာနေရာချထားပုံနှင့် အလုပ်လုပ်ဆောင်ပုံကြောင့်ဖြစ်စေ လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှု အန္တရာယ်ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြောင့် အလုပ်သမားများအား ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန် လိုအပ်ခြင်း။

၁၉။ စစ်ဆေးရေးအရာရှိများသည်-

(က) ပုဒ်မ ၁၈ အရ ထုတ်ဆင့်ထားသော ယာယီရပ်နားအမိန့်ကို အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးမှု တင်ပြချက်အပေါ် မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြန်လည်ဆောင်ရွက်ခွင့်ပြုကြောင်းကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့် အလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၀။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ပုဒ်မ ၁၈ အရ ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်သူအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ထိုသို့ အရေးယူ ဆောင်ရွက်စေရန် သင့်လျော်သည့် စစ်ဆေးရေးအရာရှိကို လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၈ အရ ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသည့် အမိန့်နှင့် စပ်လျဉ်း၍ပြောင်းလဲလာသည့် အခြေအနေအရ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့်လုပ်ငန်းများကို လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ပြုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အစိုးရနည်းပညာအထက်တန်းကျောင်း သုံးကျောင်းကို ကျွန်တော်တို့က လက်တွေ့လေ့လာပြီး ဒီသင်ကြားပြသမယ့် ဆရာ ဆရာမတွေအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းတွေ ပေးနိုင်နေပြီဖြစ်ပါတယ်

**ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူ**

## ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကျင်းပ အပိုင်း (၂)

**ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင် အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ဆရာဒေါက်တာပြည့်ကျော်သူ အနေနဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်အရည်အသွေး ကောင်းမွန်စေဖို့အတွက် နည်းပညာနဲ့ သက်မွေးပညာရေးကဏ္ဍမှာဆိုရင် ဘယ်လိုတွေ ဆောင်ရွက်ထားသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာပြည့်ကျော်သူ ။** ။ကျွန်တော်တို့ နည်းပညာ သက်မွေးပညာနဲ့ လေ့ကျင့်ရေးစနစ်မှာ သင်ကြားပြသတဲ့ ဆရာ ဆရာမတွေဟာ သူတို့ရဲ့ဘာသာရပ်ဆိုင်ရာ ပိုင်နိုင်ကျွမ်းကျင်မှုမှာ အဓိကနေရာမှာ ပါဝင်ပါတယ်။ အဲဒီတော့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို ဆောင်ရွက်တဲ့အခါမှာ သူတို့ကအခြေခံသီအိုရီကို ကောင်းမွန်စွာ ပိုင်ပိုင်နိုင်နိုင်သိရှိဖို့ရာ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရတဲ့ အတွက်ကြောင့် ဒီလက်တွေ့သင်ခန်းစာတွေကို သေချာစနစ်တကျ ပိုင်ပိုင်နိုင်နိုင်နဲ့ သင်ကြားပေးနိုင်ဖို့ဆိုတာ အလွန်ပဲအရေးကြီးပါတယ်။ နောက်တစ်ခုက အခြေခံသီအိုရီကို ဆောင်ရွက်တဲ့အခါမှာ သူတို့ တစ်တွေနဲ့ စာသင်ခန်းအတွင်းမှာ ကူညီပံ့ပိုးပေးတဲ့သူတွေ (Facilitator) အနေနဲ့ သင့်တော်တဲ့ သင်ကြားမှုနည်းလမ်းတွေ၊ သင်ကြားမှုအတတ်ပညာတွေ အသုံးပြုပြီး သင်ကြားပေးဖို့ လိုအပ်ပါတယ်။

### တွေးခေါ်စဉ်းစားတတ်စေဖို့

နောက်ပြီး မိမိသင်ကြားရတဲ့ သင်ကြားမှုနည်းပညာနဲ့ သက်မွေးပညာအဆင့်အလိုက် သင်ကြားတဲ့အခါမှာ သင်ကြားခံရတဲ့ ကျောင်းသား ကျောင်းသူတွေကို ခွဲခြမ်းစိတ်ဖြာတတ်စေဖို့၊ တွေးခေါ်စဉ်းစားတတ်စေဖို့၊ ပြဿနာကိုစုစည်းပြီး ဖြေရှင်းနားလည်တတ်စေဖို့နဲ့ လက်တွေ့ဆောင်ရွက်မှုတွေကနေပြီးတော့ ပြန်ပြီးတော့ အသုံးချနိုင်စေဖို့ ဦးတည်ချက်ထားပြီး ကျွန်တော်တို့က သင်ကြားပေးနိုင်ဖို့လိုအပ်တာပါ။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အရည်အသွေးရှိတဲ့ လက်တွေ့သင်ခန်းစာတွေကို ကျွန်တော်တို့က ဆရာ ဆရာမတွေ နဲ့သင်ကြားဖို့ လိုအပ်တဲ့အခါမှာ သူတို့ရဲ့သက်ဆိုင်တဲ့ လုပ်ငန်းအတွေ့အကြုံတွေ သိရှိဖို့လိုအပ်ပြီး အမြဲတမ်း Update ဖြစ်နေအောင် ကြိုးစားအားထုတ်ပေးဖို့လိုပါတယ်။ ဒီဟာတွေ ပြန်ပြီးအသုံးချ ဆောင်ရွက်နိုင်ဖို့လည်း သင်ကြားပေးဖို့အထူး လိုအပ်လှပါတယ်။

နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပိုပြီး အရည်အသွေးကောင်းတဲ့ ဒီစနစ်ဖြစ်လာစေဖို့အတွက် သင်ကြားပြသတဲ့ ဆရာ ဆရာမတွေနဲ့ စီမံခန့်ခွဲတဲ့ဝန်ထမ်းတွေကို အရည်အသွေး တိုးတက်စေဖို့အတွက် စနစ်တကျစီမံချက်များ ချပြီးဆောင်ရွက်လျက် ရှိပါတယ်။ ဒီနားမှာ ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ ဦးစီးဌာနအောက်မှာရှိတဲ့ အစိုးရနည်းပညာ ကောလိပ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံနဲ့၊ အစိုးရ နည်းပညာ အထက်တန်းကျောင်းတွေမှာရှိတဲ့ ဆရာ ဆရာမတွေကို ကျွန်တော်တို့က အရည်အသွေးမြှင့်တင်တာတွေကို EU Budget နဲ့ ဆောင်ရွက်နေတာကို တင်ပြလိုပါတယ်။

ဒီ EU Budget Support မှာ ဆောင်ရွက်နေတဲ့ Institution Based Professional Development Centers (IPDC) ပါ။ အဲဒီမှာ ကျောင်းတွေကို ရွေးချယ်ပြီးတော့ IPDC တွေဖြစ်ဖို့ ကျွန်တော်တို့က ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ Professional Development Centers တွေမှာ ဆောင်ရွက်ပေးမယ့် PD Leader တွေကို Didactic Training တွေ ပေးထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုက ၂၀၁၈ ဩဂုတ်လထဲမှာပဲ PD Leader တွေနဲ့ HOPD တွေ စုစုပေါင်း ၃၁ ဦးကို နည်းပညာ မြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း)မှာ သင်တန်းတွေ ပေးခဲ့ပါတယ်။

ဒီမှာဆိုရင်တော့ ကျွန်တော်တို့ Management of Vocational Schools and ICT Management ဆိုပြီးတော့ သက်မွေးပညာနဲ့ ပတ်သက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ စီမံခန့်ခွဲမှုနဲ့ Media အသုံးချမှုကို ကျွန်တော်တို့က သင်ကြားပြသပေးနိုင်ခဲ့ပါတယ်။

**" ၂၀၁၉ ဒီဇင်ဘာမှာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နဲ့ ပေါင်းပြီး TVET Teacher Training Institute ဆိုပြီး (TTTI) ကို ရန်ကုန်မြို့ ဗဟန်းမှာ ဖွင့်လှစ်ဖို့ရှိပါတယ်။ အဲဒီမှာလည်း Electronic လျှပ်စစ်၊ စက်မှု၊ Automotive နဲ့ ပတ်သက်တဲ့ နည်းပညာဆိုင်ရာဘာသာရပ် ၁၀ မျိုးကို သင်ကြားပို့ချပေးမှာပါ။ ဒီဘာသာရပ် ၁၀ မျိုးကို ပို့ချပေးတဲ့အခါမှာ လက်ရှိသင်ကြားနေတဲ့ သင်ရိုးတွေနဲ့ ကိုက်ညီပြီးတော့ အပြင်မှာဆောင်ရွက်နေတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကိုက်ညီတဲ့လက်တွေ့သင်ကြားမှုတွေပြီးသွားရင်တော့ လက်တွေ့ဆောင်ရွက်မှုတွေနဲ့ ကျွန်တော်တို့က ဖွင့်လှစ်သင်ကြားပေးမှာ ဖြစ်ပါတယ်ဆိုတာ ပြောကြားလိုပါတယ် "**

အဲဒီလိုပဲ ကျွန်တော်တို့က အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ကျောင်းတွေမှာ အကြံပေးအဖွဲ့ဆိုပြီးရှိပါတယ်။ အကြံပေးအဖွဲ့အစည်းအဝေးကို (၆) ကြိမ် ဆွေးနွေးခဲ့ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် ကျောင်းအုပ်ကြီးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

### ကာလတို သင်တန်း

ဆက်ပြီးတင်ပြချင်တာကတော့ EU Budget Support နဲ့ ဆောင်ရွက်တဲ့ ကျွမ်းကျင်မှု အခြေပြုကာလတို သင်တန်းအနေနဲ့ ပတ်သက်ပြီး ပြောချင်ပါတယ်။ ဒီကျွမ်းကျင်မှု အခြေပြုကာလတို သင်တန်းနဲ့ပတ်သက်ပြီး အရည်အသွေးရှိရှိ သင်ကြားပေးနိုင်ဖို့အတွက် အစိုးရစက်မှုလက်မှု သိပ္ပံနှစ်ကျောင်းနဲ့ အစိုးရနည်းပညာ အထက်တန်း ကျောင်းသုံးကျောင်းကို ကျွန်တော်တို့က လက်တွေ့လေ့လာပြီး သူတို့သင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်းတွေ ဆရာ ဆရာမတွေရဲ့ သင်ကြားပုံနည်းစနစ်တွေ လေ့လာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ လေ့လာဆန်းစစ်မှုကနေပြီးတော့ ဒီသင်ကြားပြသမယ့် ဆရာ ဆရာမတွေအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းတွေ ပေးနိုင်နေပြီဖြစ်ပါတယ်။

နောက်တစ်ခု ဆက်ပြီးတင်ပြချင်တာကတော့ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းဖြစ်တဲ့ ဂျာမနီ (GIZ) နဲ့ပေါင်းပြီး ဆောင်ရွက်နေတာ တင်ပြလိုပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့အောက်မှာရှိတဲ့ ကောလိပ်သိပ္ပံ ကျောင်းတွေက ကျောင်းအုပ်ကြီးတွေနဲ့ စီမံခန့်ခွဲတဲ့ဝန်ထမ်းတွေကို School Management Training ဆိုပြီး နှစ်ပတ်ကြာ ဘယ်လင်းမှာ ၂ ကြိမ် သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနောက်မှာ ဆက်ပြီးတော့ School Management Training နဲ့ ပတ်သက်ပြီး ရက်ရှည် သိသင့်သိထိုက်တာတွေ အားလုံးသိဖို့အတွက် ထပ်ပြီးပေးဖို့ရှိပါတယ်။ ပထမပေးခဲ့တဲ့ ရက်တို သင်တန်းကနေပြီးတော့ Feedback Workshop ကို ဦးစီးဌာန (ရုံးချုပ်) မှာ ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ရှေ့ဆက်လက်ဆောင်ရွက်တဲ့ School Management Training အတွက် အစီအစဉ်တွေ ချမှတ်နိုင်ပြီး ဖြစ်ပါတယ်။

### အရည်အသွေး မြှင့်တင်ရေးတွေ ဆောင်ရွက်ပေးနိုင်ခဲ့

နောက်တစ်ခုက ADB နဲ့ပေါင်းပြီး ဆောင်ရွက်နေတာလေး တင်ပြချင်ပါတယ်။ လူငယ်တွေ အလုပ်အကိုင်ရရှိဖို့အတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေး စီမံကိန်း (Equipping Youth For Employment –EYE) ဆိုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဆိုရင် ၂၀၁၉ ဇန်နဝါရီမှာ အစိုးရနည်းပညာအထက်တန်း ကျောင်း ၁၁ ကျောင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ဒီ Project မစတင်ခင်မှာ ကျွန်တော်တို့က သက်ဆိုင်ရာ ကျောင်း ၁၁ ကျောင်းကနေပြီး ဆရာ ဆရာမ ၃၅ ဦးကို ကြိုတင်ပြီး အရည်အသွေး မြှင့်တင်ရေးတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့က ရှေ့ဦးသူနာပြုစုခြင်းလုပ်ငန်း၊ အခြေခံမီးသတ်သင်တန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါ တယ်။ အဲဒီလိုပဲ ကျွန်တော်တို့က Teaching Methodology သင်တန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်နေပြီ ဖြစ်ပါတယ်။ ဆက်ပြီးဆောင်ရွက်နေတာတွေကတော့ နည်းပညာမြှင့်တင်ရေးဌာန (ဘယ်လင်း)မှာ ဒီဦးစီးဌာန အောက်မှာရှိတဲ့ ဆရာ ဆရာမတွေကို လက်တွေ့ကျွမ်းကျင်မှုသင်တန်း Technical Training တွေကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

တစ်ဆက်တည်းမှာ ဘာတင်ပြလိုလဲဆိုတော့ ပြီးခဲ့တဲ့ ၂၀၁၇မှာ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ဆရာ ဆရာမ ၇၁၀ ခန့်နိုင်ခဲ့ပါတယ်။ အဲဒီတော့ ဆရာ ဆရာမ ၇၁၀ ခန့်အပ်ပြီးတော့ ဒီဆရာ ဆရာမတွေရဲ့ Capacity Upgrade တွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇ မေလကနေ ဒီဇင်ဘာလအထိ ကျွန်တော်တို့က (TVET) နဲ့ ပတ်သက်တဲ့ အသိပညာတွေ၊ ဗဟုသုတတွေ အပါအဝင် ဒါသင်ကြားမှုနည်းပညာတွေ၊ သင်ကြားမှုအတတ်ပညာတွေ နောက်သင်တန်းဆိုင်ရာ စီမံခန့်ခွဲမှုတွေ သင်ခန်းစာရေးဆွဲပြင်ဆင်ခြင်းတွေပြီးရင် 21[th] Century Skill, TVET Hard Skill နဲ့ Soft Skill တွေ ဒီဟာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီဆရာ ဆရာမ ၇၁၀ ကို ကျွန်တော်တို့က Industrial Experience ရရှိစေဖို့အတွက် Industrial ကိုသွားပြီး Field Trip ကျွန်တော်တို့က ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနိုင် ခဲ့ပါတယ်။ ဒီလိုမျိုး ဆရာ ဆရာမအသစ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့တယ် ဆိုတာတွေကို အရည်အသွေးပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အခုလိုမျိုးဆရာ ဆရာမတွေအတွက် အရည်အသွေး တိုးတက်စေမယ့် စီမံချက်တွေအပြင် အခြားဆောင်ရွက်ထားတာတွေရှိရင်လည်း သိလိုပါတယ်။**

**ဒေါက်တာပြည့်ကျော်သူ။** ။ကျွန်တော်တို့ ဒီ EU Budget Support အရ နောက်တစ်ခုလုပ်နေတာကတော့ အစိုးရနည်းပညာကောလိပ်နဲ့ အစိုးရစက်မှုလက်မှုသိပ္ပံနောက်ပြီး အစိုးရနည်းပညာအထက်တန်းကျောင်းတွေရဲ့ သင်ရိုးညွှန်းတမ်းကို ကျွန်တော်တို့က ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ကပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ဒီ Core Curriculum Development Team နဲ့ Working Curriculum Development Team ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီအဖွဲ့တွေကနေပြီးတော့ သင်ရိုးညွှန်းတမ်းနဲ့ ပတ်သက်တဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်တွေ နောက်ပြီး နှစ်စဉ်ဆောင်ရွက်ရမယ့် လုပ်ငန်းလမ်းညွှန်တွေ၊ ချမှတ်တာတွေ၊ ပြုစုဖော်ထုတ်တာတွေ နောက်ပြီး နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ကျွန်တော်တို့က EU ကနေ သတ်မှတ်ထားတဲ့ Indicator ကို ပြည့်မီအောင် ကျွန်တော်တို့က ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိပါတယ်။

### ဆက်လက်ဆောင်ရွက်နေ

နောက်တစ်ဆက်တည်းမှာ ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်နေတာကတော့ ၂၀၁၉ ဒီဇင်ဘာမှာ ကျွန်တော်တို့က ဂျပန်နဲ့ပူးပေါင်း ဖွင့်လှစ်တဲ့ ဂျပန် - မြန်မာ အောင်ဆန်းသက်မွေး ပညာသင်တန်းကျောင်း (JMASVTI) ဆိုတာ ရှိပါမယ်။ ဒီမှာဆိုရင် ကျွန်တော်တို့က (JMASVTI) သည် Automotive Maintenance နဲ့ Electrical Power ကို သင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ Curriculum Development လုပ်တဲ့အခါမှာ ခုနက ဖွဲ့စည်းထားတဲ့အဖွဲ့တွေနဲ့ ဂျပန်က Expert တွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ Learning by Doing ဆိုပြီး သင်ယူရင်း လေ့ကျင့်ဆိုပြီးတော့ လုပ်တဲ့အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုတင်ပြချင်တာကတော့ ၂၀၁၉ ဒီဇင်ဘာမှာ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နဲ့ ပေါင်းပြီး TVET Teacher Training Institute ဆိုပြီး (TTTI) ကို ရန်ကုန်မြို့ ဗဟန်းမှာ ဖွင့်လှစ်ဖို့ရှိပါတယ်။ အဲဒီမှာလည်း Electronic လျှပ်စစ်၊ စက်မှု၊ Automotive နဲ့ ပတ်သက်တဲ့ နည်းပညာဆိုင်ရာဘာသာရပ် ၁၀ မျိုးကို သင်ကြားပို့ချပေးမှာပါ။ ဒီဘာသာရပ် ၁၀ မျိုးကို ပို့ချပေးတဲ့အခါမှာ လက်ရှိသင်ကြားနေတဲ့ သင်ရိုးတွေနဲ့ ကိုက်ညီပြီးတော့ အပြင်မှာဆောင်ရွက်နေတဲ့ စက်မှုလုပ်ငန်းတွေနဲ့ ကိုက်ညီတဲ့လက်တွေ့ သင်ကြားမှုတွေပြီးသွားရင်တော့ လက်တွေ့ ဆောင်ရွက်မှုတွေနဲ့ ကျွန်တော်တို့က ဖွင့်လှစ် သင်ကြားပေးမှာ ဖြစ်ပါတယ်ဆိုတာ ပြောကြား လိုပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာတို့ ဒီအခြေခံပညာကဏ္ဍမှာဆိုရင် ဆရာ ဆရာမတွေအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုတွေဆောင်ရွက်ထားရှိသလဲဆိုတာ ဆရာဦးတိုးဝင်းက ပြောပြပေးပါဦး။**

**ဦးတိုးဝင်း။** ။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်ကတော့ ဖွံ့ဖြိုးမှု မိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ကို တင်ပြသွားချင်ပါတယ်။ ပထမဦးဆုံး အနေနဲ့ကတော့ ကျွန်တော်တို့ ယူနီဆက်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကလေးပျော်ကျောင်း စီမံကိန်း (Child Friendly School)လို့ ခေါ်ပါတယ်။ ဒါကိုတော့ ၂၀၀၁ ခုနှစ်လောက် ကတည်းက ကျွန်တော်တို့ အစပျိုးခဲ့တာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကလေးသူငယ် အခွင့်အရေးဖြစ်တဲ့ ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ကာကွယ်ပိုင်ခွင့်နဲ့ ပါဝင်ဆောင်ရွက်ခွင့်ဆိုတဲ့ အခွင့်အရေး(၄)ရပ်ကို အခြေခံပြီးတော့ ကလေးတိုင်း အကျုံးဝင်မှု၊ ကျား/မ လိုအပ်ချက် ဖြည့်ဆည်းပေးမှု၊ ထိရောက်တဲ့ သင်ကြားသင်ယူမှု၊ ကျန်းမာရေး၊ ဘေးအန္တရာယ် လုံခြုံမှုနဲ့ မိဘပြည်သူများပါဝင်ဆောင်ရွက်မှုဆိုတဲ့ ရှုထောင့်ငါးသွယ်နဲ့ ကျွန်တော်တို့ ချမှတ်ပြီးတော့ ဆရာ ဆရာမတွေရဲ့ ဒီစွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

ဒါကိုတော့ ကျွန်တော်တို့ ဆရာ ဆရာမတွေကို ၁၀ ရက်ကြာ သင်တန်းပေးပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ဒေသတွေကတော့ ယူနီဆက်နဲ့ဆောင်ရွက်နေတဲ့ စီမံကိန်း ပြည်နယ်တွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ နောက်ပိုင်းမှာတော့ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) တွေမှာလည်းပဲ ဆက်လက် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒုတိယတစ်ခုအနေနဲ့ကတော့ လုပ်ငန်းခွင် ဆရာ ဆရာမတွေရဲ့စွမ်းဆောင်ရည် မြင့်မားရေးအတွက် ကျောင်းအခြေပြုလုပ်ငန်းခွင် ဆရာအတတ်ပညာရေးအစီအစဉ် ဖြစ်ပါတယ်။ ကျွန်တော်တို့ School- based In-service Teacher Education (SITE) လို့ခေါ်ပါတယ်။ ဒါကတော့ ၂၀၁၁ ခု၊ ၂၀၁၂ ခု လောက်ကနေပြီးတော့ အစပျိုးခဲ့တာဖြစ်ပါတယ်။ သူကတော့ Module Base ဆိုတဲ့အတွက်ကြောင့် Module လေးခု ရေးဆွဲထားတာရှိပါတယ်။ ခုလောလောဆယ်ကတော့ ထိရောက်မှု သင်ကြားသင်ယူတဲ့ Module နဲ့ ထိရောက်သော သင်ယူမှု လုပ်ငန်းစဉ်စီမံခြင်း Module ဆိုတဲ့ အပိုင်းကိုသွားနေပါတယ်။ နောက်ပိုင်းမှာဆိုရင်တော့ ကလေးတစ်ဦးချင်းစီရဲ့ မတူညီတဲ့ လိုအပ်ချက်တွေပေါ်မှာ ဖြည့်ဆည်းတုံ့ပြန်တဲ့ Module ရယ်၊ ကျောင်းနဲ့ စာသင်ခန်း သင်ယူမှုပတ်ဝန်းကျင်ဆိုတဲ့ Module တွေ ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာ ဆရာမတွေ အနေနဲ့ကတော့ Module တွေကို မိမိတို့ရဲ့ကျောင်းမှာပဲ လုပ်ငန်းခွင်မပျက် Module တွေကိုသာ နေ့စဉ်နှင့်အမျှ လေ့လာသွားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ်မှတ်ချက်တစ်ခု အနေနဲ့ကတော့ ဆရာ ဆရာမတစ်ယောက်ဟာ တစ်ပတ်ကို ၁ နာရီတော့ လေ့လာရမှာဖြစ်ပါတယ်။ ပြီးရင် မိမိကျောင်းမှာ ရှိတဲ့ ဆရာ ဆရာမအချင်းချင်း အုပ်စုဖွဲ့လေ့လာခြင်းကိုတော့ တစ်ပတ်မှာ ၂ နာရီလောက် ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ပြီးရင် ကျောင်းအုပ်စုမှူးတွေ ဦးဆောင်ပြီးတော့ တစ်လကို ၄ နာရီလောက် Module တွေကို ဆွေးနွေးဖို့ဆိုတာမျိုးလေးတွေ ကျွန်တော်တို့က ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကိုလည်းပဲ ယူနီဆက်နဲ့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်တဲ့ စောစောက ကျွန်တော်တင်ပြတဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ နောက်ထပ်သိချင်တာက မူလတန်းပြ ဆရာများအတွက် စွမ်းဆောင်ရည်တိုးတက်မြင့်မားစေဖို့အတွက် ကူညီပံ့ပိုးပေးတဲ့ အစီအစဉ်တွေလည်း ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

**ဦးတိုးဝင်း ။** ။ ဒီအစီအစဉ်ကိုတော့ Mentoring Program လို့ ခေါ်ပါတယ်။ ဒါကတော့ ကမ္ဘာ့ဘဏ်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ Mentoring Program ကတော့ လုပ်သက်နုတဲ့ မူလတန်းပြ ဆရာ ဆရာမတွေအတွက် အဓိကရည်ရွယ်ခြင်း ဖြစ်ပါတယ်။ လုပ်သက်နုတဲ့ မူလတန်းပြအနေနဲ့ ကျွန်တော်တို့ သင်ကြားရေးလုပ်ငန်းတွေမှာ ပိုပြီးတော့မှ Effective ဖြစ်နိုင်ဖို့အတွက် ဆရာအတတ်ပညာ ပြည့်ပြည့်ဝဝနဲ့ သင်ကြား သင်ယူမှုလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် လုပ်သက်ရင့်ဆရာကြီး ဆရာမကြီးများက Mentor Teacher အနေနဲ့ ကျောင်းကို သွားပြီးတော့ ပါဝင်ဆောင်ရွက်အားဖြည့်ပေးတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ မြို့နယ်ပေါင်း ၁၅၀ ကျော်မှာ Mentor Teacher ၆၀၀ ခန့်အပ်ပြီးတော့မှ ဒီအစီအစဉ်လေးတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

လောလောဆယ်တော့ ကျွန်တော်တို့က တစ်နှစ်၊ တစ်နှစ်ကို Pilot အနေနဲ့ ဆောင်ရွက်သွားရင်း လေးနှစ်၊ ငါးနှစ်ရှိတဲ့အခါ တစ်နိုင်ငံလုံးကို လွှမ်းခြုံသွားဖို့လို့ ရည်မှန်းထားပါတယ်။ ဒီအစီအစဉ်လေးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီးတော့ မြို့နယ် ၄၀ မှာ ကျွန်တော်တို့ စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဒုတိယနှစ်မှာ နောက်ထပ်မြို့နယ် ၄၀ ထပ်ပေါင်း လိုက်တဲ့အတွက် ဒီနှစ်မှာ စုစုပေါင်းမြို့နယ် ၈၀ မှာ စတင်နိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ နောက်ထပ်မြို့နယ် ပေါင်း ၇၀ကို ထပ်ပြီးတော့ တိုးချဲ့နိုင်တဲ့အတွက် လောလောဆယ်အခြေအနေမှာတော့ မြို့နယ်ပေါင်း ၁၅၀ မှာရှိတဲ့ လုပ်သက်နု မူလတန်းပြ ဆရာ ဆရာမတွေကို ကျောင်းတွေကို သွားရောက်ပြီးတော့မှ ဆရာအတတ် ပညာပံ့ပိုးပေးတဲ့ Teacher Mentoring Program ကို ကျွန်တော်တို့ လက်ရှိ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အခြေခံဆရာ ဆရာမများရဲ့ ICT အရည်အသွေး တိုးတက်ဖို့ကို ဆရာတို့အနေနဲ့ ဘယ်လိုများ ဆောင်ရွက်ထားသလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ဦးတိုးဝင်း ။** ။ ICT နဲ့ပတ်သက်ပြီးတော့ ရည်ရွယ်တာကတော့ ICT ကို ပညာရေးမှာ ထည့်သွင်း အသုံးချနိုင်ဖို့ပါ။ ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ အစီအစဉ်ကို ပြန်ပြီးကြည့်လိုက်ရင်တော့ Post Graduate Diploma and Multimedia Art ဆိုတဲ့ (PGDMA) လို့ခေါ်ပါတယ်။ ဒါကိုတော့ ပညာရေးတက္ကသိုလ်ကနေ သင်တန်းပေးပြီး အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းတွေမှာ အလယ်တန်းပြ(PGDMA) ဆရာ ဆရာမဆိုပြီးတော့မှ ခန့်ထားပေးတာရှိပါတယ်။ ကျွန်တော် စောစောကပြောသလို ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ်ကို တင်ပြရရင်တော့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကနေ စတင်ပြီးတော့ ယူနက်စကို၊ Sony Ericsson တို့နဲ့ ပူးပေါင်းပြီးတော့ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်မှာရှိတဲ့ အထက်တန်းကျောင်း ၃၁ ကျောင်းမှာ ICT & Education ဆိုတဲ့ အစီအစဉ်ကို ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီမှာရှိတဲ့ ကျောင်းတစ်ကျောင်းစီက ဆရာ ဆရာမ ငါးဦးကို ရွေးချယ်ပြီး TOT သင်တန်းပေးပြီး မိမိကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေကို သူတို့ကတစ်ဆင့် ICT & Education သင်ခန်းစာတွေကို ပို့ချပေးတာဖြစ်ပါတယ်။ သူတို့ကိုတော့ ကျွန်တော်တို့က တစ်နှစ်ကို ၃ ကြိမ်လောက် TOT ပေးတယ်။ ပြန်ပြီးတော့ ကိုယ့်ကျောင်းမှာကိုယ် ပြန်ပွားတယ်ဆိုတော့ (၁)နှစ်မှာ(၃)ကြိမ်လောက် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကိုရီးယားနိုင်ငံ Sejong City of Education နဲ့ MoU ရေးထိုးပြီးတော့ ဆရာ ဆရာမတွေကို ကိုရီးယားနိုင်ငံစေလွှတ်ပေးတယ်။ ပြည်တွင်းမှာလည်းပဲ ပြန်ပြီးတော့ ICT နဲ့ပတ်သက်ပြီး သင်တန်းပေးတဲ့ အစီအစဉ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်လောက်ကတည်းကစပြီးတော့ တစ်နှစ်ကို ဆရာ ဆရာမ ၂၁ ဦးကို ကိုရီးယားနိုင်ငံသို့ ရွေးချယ်စေလွှတ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ၁၀ ရက်သင်တန်းပေးပါတယ်။ နောက်တစ်ခုကတော့ ပြည်တွင်းမှာရှိတဲ့ ဆရာ ဆရာမ ၁၂၀ လောက်ကို တစ်ရက်သင်တန်းပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီနေ့မှာ အချိန်ပေးပြီးတော့ လာရောက် ဆွေးနွေးပေးကြတဲ့ ဆရာကြီး၊ ဆရာမကြီးများအားလုံး အထူးပဲ ကျေးဇူးတင်ပါတယ်။**

**သတင်းအဖွဲ့**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မတ်လ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | အိမ်ရှင်မတိုင်းအတွက် ချစ်သည်းပိုင်၊ ဟင်းချက်နည်း | မြကေသွယ် | ပန်းနီနီ | ၂၅၀၀ |
| ၂။ | ထွန်းထွန်းတောက် ဝတ်ရွတ်စဉ် | ဒေါက်တာ ဘဒ္ဒန္တနန္ဒသေနာလင်္ကာရ | ပန်းနီနီ | ၂၅၀၀ |
| ၃။ | တောင်စွယ်မှာနေမကွယ်လည်းနှင့် မဂ္ဂဇင်းဝတ္ထုတိုများ | လှဲ့ဝင်းကြည် (ချို) | စိတ်ကူးချိုချို | ၃၀၀၀ |
| ၄။ | မှတ်ထုံးတင်စွာ | ဇင်သန့် | ဘဝတက္ကသိုလ် | ၅၀၀၀ |
| ၅။ | လွယ်ကူမှတ်သား ခန်းဂျီးများ | Yamin (Japanese Language Center) | ထွန်းလင်းအိမ် | ၅၀၀၀ |
| ၆။ | ဖက်ဒရယ်မူ၏ အခြေခံများနှင့် သယံဇာတ ဖက်ဒရယ်မူ | ဒေါက်တာ တိုးမြင့် | ရှင်မတောင် | ၃၀၀၀ |
| ၇။ | သင်သေသွားသော် ဘယ်သူငိုမလဲ | အောင်မြတ် (မြန်မာပြန်) | အိပ်မက်သစ် | ၃၀၀၀ |
| ၈။ | သားလျှော့ပိတောက်နှင့် နှစ်ပေါင်း (၅၀) | မောင်သွေးသစ် | စာပေခရီးသွား | ၄၅၀၀ |
| ၉။ | လုပ်ငန်းခွင် အမျိုးသမီးလက်စွဲ | အောင်လှိုင် (မြန်မာပြန်) | စိတ်ကူးချိုချို | ၁၀၀၀ |
| ၁၀။ | သားတို့ရုပ်ရည် | မြသွေးနီ | ပင်ဝါးရုံ | ၃၀၀၀ |
| ၁၁။ | ဂျာနယ်ပို့သမားလေး ဟင်နရီ | အေးငြိမ်းစံ | ပင်ဝါးရုံ | ၂၀၀၀ |
| ၁၂။ | ထူးခြားအောင်လုပ်ပါ | မြနှင်းဆီ | တူဒေး | ၅၀၀၀ |
| ၁၃။ | တောင်၏အလှတရား | လင်းတည်ဦး | လင်းသစ်ရောင်စဉ် | ၂၅၀၀ |
| ၁၄။ | စာနယ်ဇင်းနှင့် ယုံကြည်မှု | လူထုစိန်ဝင်း | ပင်ဝါးရုံ | ၃၀၀၀ |
| ၁၅။ | ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာစေသည့် ရှုမြင်တွေးခေါ် ဆုံးဖြတ်ချက်များ | အောင်လှိုင် | စိတ်ကူးချိုချို | ၂၀၀၀ |
| ၁၆။ | ဓမ္မလမ်းကစောင့်နေမယ် | အနော်မဝ | ဓမ္မအနုပညာစာပေ | ၂၅၀၀ |
| ၁၇။ | ပေးဆပ်သူ၏ရလဒ်(သို့မဟုတ်) ခွင့်လွှတ်သူ၏ မဟာအောင်ပွဲ | ထိန်ဝင်း(ရတနာမြေ) | သန်းမြင့်စာပေ | ၂၅၀၀ |
| ၁၈။ | ငပျင်းဂုရု၏ ပျင်းရိခြင်း အနုပညာ | နိုင်သစ် | K.H.B Myanmar | ၂၅၀၀ |
| ၁၉။ | ဒီမိုကရေစီပျောက်ရင် အာဏာရှင်အောက်ပြန်ရောက်မယ် | ဖိုးရာဇာ(မအူပင်) | MKS Publishing | ၃၀၀၀ |
| ၂၀။ | ရောမစစ်မျက်နှာ | ကြည်ဇော်အေး | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၁။ | အိန္ဒိယရိုးရာဂန္ထဝင်ပုံပြင်များ | ခင်မောင်တိုး (မိုးမိတ်) | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂၂။ | အရိပ်နောက် အရောင်ပါ | ဘသက်ဆွေ | "Global Piece Group" | ၂၀၀၀ |
| ၂၃။ | နှင့်----- | မာရီယာဝင်း | ကိုလတ်စာပေ | ၃၀၀၀ |
| ၂၄။ | လယ်ကွင်းများ စိုက်ခင်းများနှင့် ရိုးမကိုဖြတ်သန်းခြင်း | ညိုထွန်းလူ | အိပ်မက်သစ် | ၃၀၀၀ |
| ၂၅။ | ရသစာပေဖြင့် ဘဝကိုထုဆစ်ခြင်း | ရွှေနောင်စိုး(မန္တလေး) | အိပ်မက်သစ် | ၃၀၀၀ |
| ၂၆။ | ကဗျာလေးတွေနှင့်သင်တဲ့ ကလေးတို့အတွက်အင်္ဂလိပ်စာ | ဆရာနိုင်စွမ်း | စာနဒီ | ၄၀၀၀ |
| ၂၇။ | အသွင်ကူးပြောင်းရေးနှင့် တရားမျှတရေး | ကလောင်စုံ | ယဉ်မျိုး | ၂၀၀၀ |
| ၂၈။ | ဆိုရှယ်ဒီမိုကရေစီ အတွေးအခေါ်များ နှင့် စိန်ခေါ်မှုများ | ဘုန်းသက်ပိုင် | ယဉ်မျိုး | ၂၀၀၀ |
| ၂၉။ | အခြေခံအလုပ်သမား တိုက်ပွဲပုံစံများ | ရဲဘော်သန်းငွေ | ယဉ်မျိုး | ၁၀၀၀ |
| ၃၀။ | သွေးသောက်ကျွဲရဲ့ မုဆိုးသစ္စာ | မိုးအောင်တင် (Royal) | စိတ်ကူးသစ် | ၃၀၀၀ |
| ၃၁။ | သိမ်းငှက်လူသား | ကျော်စွာ (ဆေး-၂) | ငါတို့စာပေ | ၆၀၀၀ |
| ၃၂။ | အပ်ချုပ်ပညာ အမြန်သင်ယူခြင်း | အန်တီချို | စိတ်ကူးချိုချို | ၂၅၀၀ |
| ၃၃။ | ပန်းချီဆွဲကြမယ် | ချောအိသိမ်း | ပင်ဝါးရုံ | ၃၀၀၀ |
| ၃၄။ | အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးလမ်းညွှန် | ဦးမေအောင် B.E (Civil) | စိတ်ကူးချိုချို | ၇၀၀၀ |
| ၃၅။ | Basic Electronic Engineering | ကိုမျိုး (အီလက်ထရောနစ်) | Knowledges | ၈၀၀၀ |
| ၃၆။ | ရွှေအိုရောင်ပြတိုက် (ဝတ္ထုတိုစုစည်းမှု) | ညိုဘန်း (လေးဝတီ) | ဘဝပင်လယ်စာပေ | ၂၅၀၀ |
| ၃၇။ | နှုတ်ဆက်ခဲ့ပါတယ် ရွာကလေးရယ် နှင့် မဂ္ဂဇင်းဝတ္ထုတိုများ | ကျွန်းစဉ်မြေ စောခက် | ဘဝပင်လယ် စာပေ | ၃၀၀၀ |
| ၃၈။ | တပ်မတော်ထောက်လှမ်းရေး အရာရှိများနှင့်တွေ့ဆုံခြင်း | အွန်လိုင်းဝဏ | "SPEAKER NEWS Journal' | ၃၀၀၀ |

## အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**ပုသိမ် မတ် ၁၆ -** ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ဝန်ထမ်းများမှကျေးရွာများသို့ ကွင်းဆင်းကာ ယမန်နေ့က ထုတ်ချေးပေးသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် ကြက်တူရွေးကျေးရွာအုပ်စု၊ ဝန်သေ၊ ဘုရားကုန်းကျေးရွာရှိ ကျေးရွာသား ၇၅ ဦးအား ရန်ပုံငွေကျပ် ၂၉၄ သိန်း၊ ရေမနေပင်ကိုင်းကျေးရွာအုပ်စု၊ ရေမနေပင်ကိုင်း၊ ရေကျော်ဝ၊ ခရာငူကျေးရွာရှိ ကျေးရွာသား ၁၁၃ ဦးအား ငွေကျပ် ၂၉၄ သိန်း၊ အနန်းကုန်းကျေးရွာရှိ ကျေးရွာသား ၈၆ ဦးအား ရန်ပုံငွေကျပ် ၂၉၄ သိန်း၊ စုစုပေါင်း စီမံကိန်းကျေးရွာသုံးရွာကို လည်ပတ်ရန်ပုံငွေကျပ် ၈၈၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မူဆယ်မြို့၌ သတင်းမီဒီယာသမားများ အထူးမွမ်းမံသင်တန်းဖွင့်

**မူဆယ် မတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သတင်းမီဒီယာကွန်ရက် သတင်းမီဒီယာသမားများ အထူးမွမ်းမံသင်တန်းကို မတ် ၁၆ ရက် နံနက် ၉ နာရီက မူဆယ်မြို့ရှိ မင်္ဂလာမူဆယ် အခန်းနံပါတ်(၉)တွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာနည်းဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဆရာမဒေါ်ခင်သန်းနွဲ့(မမလားရှိုး)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သတင်းမီဒီယာသမားများ အထူးမွမ်းမံသင်တန်းကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးဇေယျာ၊ မန္တလေး သတင်းဂျာနယ် တာဝန်ခံ အယ်ဒီတာ ဆရာကြီး ဦးဘဦးနှင့် ရှမ်း/မြောက် သတင်းမီဒီယာဥက္ကဋ္ဌ(ယာယီ) ဒေါ်ခင်သန်းနွဲ့(မမလားရှိုး)တို့နှင့်အတူ သတင်းစာဆရာများ၊ သတင်းထောက်များ၊ ကာတွန်းပန်းချီဆရာနှင့် ဓာတ်ပုံဆရာများ၊ သတင်းအကြောင်း စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလကို မတ် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**






မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(ဝက်ထီးကန်) အခြေခံရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၃၂၀/၁၈) သူရတပ်ခွဲ သင်တန်းဆင်းပွဲကို မတ် ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး နေမျိုးက ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ ခရိုင်(ပြန်/ဆက်)

# မြန်မာ ယူ-၁၅ အသင်းအား ကစားသမားသစ်များ အားဖြည့်မည်

**ရန်ကုန် မတ် ၁၆**

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် မြန်မာယူ-၁၅ အသင်းသည် ကစားသမားသစ်များ အားဖြည့်ကာ ရက်ပိုင်းအတွင်း လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အမျိုးသားအသင်းသည် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော်လည်း မတ် ၆ ရက်မှ ၁၄ ရက်အထိ လူရွေးပွဲကျင်းပပြီးနောက် ကစားသမားသစ်များ အားဖြည့်ရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အသင်းတွင် ကစားသမားသစ် အားဖြည့်ရန်နှင့် အကယ်ဒမီများအတွက် လူရွေးချယ်ရန် အသင်းရှစ်သင်းပါဝင်သည့် လူရွေးပွဲ ကျင်းပခဲ့ပြီး အလားအလာရှိသည့် ကစားသမားများကို ပဏာမအဆင့် ရွေးချယ်ထားပြီးဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းနည်းပြချုပ် ဂျပန်နိုင်ငံသား တာကုမူနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအဖွဲ့သည် ကစားသမားများ၏ ခြေစွမ်းအား လေ့လာလျက်ရှိပြီး မြန်မာ ယူ-၁၅ အသင်းတွင် ကစားသမားသစ်အချို့ ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်း ပဏာမလူစာရင်းကို ရက်ပိုင်းအတွင်း ရွေးချယ်မည်ဖြစ်ပြီး ပဏာမ ကစားသမား ၃၀ ဝန်းကျင်ဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းသည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဧပြီတွင် ကျင်းပမည့် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**



မြန်မာ ယူ-၁၅ အသင်းနှင့် အကယ်ဒမီအတွက် လူရွေးပွဲ ကျင်းပနေစဉ်။

# နေပြည်တော်၌ မိုင်းအသိပညာပေး

**နေပြည်တော် မတ် ၁၆**

နေပြည်တော်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ ဟိုတယ်ဝန်ထမ်းများအား မိုင်းအသိပညာများရရှိပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးခြင်းကို မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီး ဟိုတယ်ဇုန်အမှတ်(၁)ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်၊ အကူတပ်ဖွဲ့ခွဲ၊ မိုင်းရှင်းတပ်စုမှ ဒုရဲအုပ် အောင်ကျော်ဦးနှင့် ဒုရဲအုပ် ဆန်းဝင်းတို့က မိုင်းအသိပညာပေးခြင်းကို ကဏ္ဍအလိုက် အဆင့်ဆင့် အသိပညာပေးရှင်းလင်းရာ နေပြည်တော် ဟိုတယ်ဇုန်အမှတ်(၁)ရှိ ဟိုတယ်များမှ ဟိုတယ်ဝန်ထမ်း ၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီပြန်လည်ဖွဲ့စည်း

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် လက်ရွေးစင်အသင်းများ အောင်မြင်မှုရရန်နှင့် လိုအပ်မှုများကို ပိုမိုပံ့ပိုးပေးနိုင်ရန် နည်းစနစ်ကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည်။

အသစ်ဖွဲ့စည်းလိုက်သည့် နည်းစနစ်ကော်မတီတွင် အဖွဲ့ဝင်ဟောင်းများ ပါဝင်လာသလို အဖွဲ့ဝင်သစ်များလည်း ရွေးချယ်ခံခဲ့ရသည်။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် နည်းစနစ်ကော်မတီတွင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်ကြသည့် ရွှေခေတ်၊ ငွေခေတ် ဘောလုံးသမားများအပါအဝင် လက်ရှိမြန်မာ့ဘောလုံးလောကတွင် ကျင်လည်နေသည့် နည်းပြဆရာများ ပါဝင်လာသည်။ နည်းစနစ်ကော်မတီအသစ်ကို နာယကသုံးဦး၊ ဥက္ကဋ္ဌတစ်ဦး၊ အဖွဲ့ဝင် ၁၂ ဦး၊စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များ ထပ်တိုးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီအသစ်တွင် နာယကများအဖြစ် ဦးတင်အောင်(ဂိုး) (ရွှေခေတ်မြန်မာ့လက်ရွေးစင်ဟောင်း)၊ ဦးဘန်နီတင်အောင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း)၊ ဦးခင်မောင်ကြိုင် (ဥက္ကဋ္ဌ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ)၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဦးသန်းတိုးအောင် (အင်ဂျင်နီယာချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်ကြီး (နည်းစနစ် အကြံပေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ ဦးရဲညွန့် (မြန်မာ့လက်ရွေးစင်ဟောင်းများအသင်း)၊ဦးဉာဏ်ဝင်း (နည်းစနစ်ဒါရိုက်တာ၊ ရန်ကုန်)၊ ဦးမြင့်ကြူး(အုပ်ချုပ်သူ၊ Southern)၊ ဦးစိုးမင်း (အုပ်ချုပ်သူ၊ မကွေး)၊ ဦးကြည်လွင် (နည်းစနစ်ဒါရိုက်တာ၊ မကွေး)၊ ဦးတင်မြင့်အောင် (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ ဦးဌေးမြင့် (နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း)၊ ဦးအောင်နိုင် (နည်းစနစ်ဒါရိုက်တာ၊ ရှမ်းယူနိုက်တက်)၊ ဦးဝင်းသူမိုး (နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင် အမျိုး သမီးအသင်း)၊ ဦးညီညီလတ် (လူငယ်ဖွံ့ဖြိုးရေးနည်း စနစ် ဒါရိုက်တာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့် ဦးကျော်မင်းထူး (လက်ရွေးစင်ဟောင်း) တို့ ပါဝင်ကြသည်။

ယင်းနည်းစနစ်ကော်မတီသည် မြန်မာ ယူ-၁၆ အသင်းမှ လက်ရွေးစင်အသင်းအထိ အုပ်ချုပ်/နည်းပြ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရေး၊ လက်ရွေးစင်အသင်းတိုင်း၏ လိုအပ်ချက်များအားလုံး ဖြည့်ဆည်းဆောင်ရွက်မှုများစသည့် ကိစ္စရပ်များကို အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ညီမြတ်သော်တာ**

○ *ကျောဖုံးမှ*

ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ "ကျွန်တော်တို့ ကွင်းပတ်စက်ဘီးပြိုင်ပွဲကို ယမန်နှစ်က အာဆီယံနိုင်ငံလေးနိုင်ငံနဲ့အတူ မန္တလေးမြို့မှာ ကျင်းပတာ အားပေးမှုတွေရရှိခဲ့တဲ့ စက်ဘီးပြိုင်ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကွင်းပတ်စက်ဘီးပြိုင်ပွဲကို ပြည်တွင်း စက်ဘီးအားကစားသမားတွေ ယှဉ်ပြိုင်ဖို့နဲ့ အမှတ်တရကောင်းတွေကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ စက်ဘီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

ယင်းပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဗလစိုး**







# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၆**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပလက်ဝတံတားစီမံကိန်းတွင် အသုံးပြုရန်လိုအပ်သော သံပေါင်များတင်ဆောင်လာသည့် ရေယာဉ်တစ်စင်းအား AA သောင်းကျန်းသူအဖွဲ့က မီးရှို့ခဲ့

နေပြည်တော် မတ် ၁၆

**ပလက်ဝတံတားစီမံကိန်းတွင် အသုံးပြုရန် လိုအပ်သော သံပေါင်များတင်ဆောင်လာသည့် ရေယာဉ်တစ်စင်းအား ယနေ့ နံနက်ပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့က မီးရှို့ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ MV- ရတနာဝင်း(၇) ရေယာဉ်သည် ပလက်ဝတံတားစီမံကိန်းတွင် အသုံးပြုရန် လိုအပ်သော သံပေါင် ၃၀၀ (၂၆ ဒသမ ၂၃ တန်)ကို တင်ဆောင်၍ ရန်ကုန်မှ မတ် ၁၀ ရက်တွင် ထွက်ခွာပြီး စစ်တွေ၊ ကျောက်တော်မြို့တို့မှတစ်ဆင့် ပလက်ဝမြို့သို့ ထွက်ခွာလာစဉ် ယနေ့ နံနက် ၁၀ နာရီခန့်က ချင်းပြည်နယ် ပလက်ဝမြို့နယ် နှမဒါကျေးရွာအနီးအရောက် AA သောင်းကျန်းသူအဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ရေယာဉ်ဝန်ထမ်းများအား ကမ်းပေါ်သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ထို့နောက် သံပေါင်များပါရှိသည့် ရေယာဉ်အား မီးရှို့ခဲ့ကြောင်း။

ရေယာဉ်ပေါ်တွင် ပါရှိသည့် ပစ္စည်းများမှာ သံပေါင် ၂၅၆ ဒသမ ၀၈၅ တန်၊ သံပေါင်အထိုင်ခုံ ၂၄ ဒသမ ၉၆ တန်၊ သုတ်ဆေး ၀ ဒသမ ၃၅ တန်၊ High Tension Bolt ၄ ဒသမ ၈၃၅ တန်တို့ဖြစ်ပြီး ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၁ ဒသမ ၀၇၂ ဘီလီယံတန်ဖိုးရှိကြောင်း သိရသည်။

AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အရပ်ဘက်ပစ်မှတ်များ၊ အရပ်သားများအား ယခုကဲ့သို့ လက်နက်အားကိုးဖြင့် အနိုင်မကျင့်သင့်ကြောင်း၊ AA သောင်းကျန်းသူများ ခေါ်ဆောင်သွားသည့် ရေယာဉ်ဝန်ထမ်းများမှာ တံတားအထူးအဖွဲ့(၁) စီမံကိန်းလုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



AA သောင်းကျန်းသူအဖွဲ့ မီးရှို့ဖျက်ဆီးခဲ့သည့် ကုန်တင်ရေယာဉ်ကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ထူးမြတ်သာယာ လက်ဆေးကန်တော်မဟာ"
၈း၃၅ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့စွန့်စားခန်း" (အပိုင်း-၄)
၁၀း၀၀ - Sunday Talk
၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၁၀ - ကဗျာရိပ်မြုံ "စာငှက်ကလေးနဲ့ သားမောင်"
၁၁း၃၀ - BBC ခံစားကြည့်
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "သီတာရေကြည်" (ညွှန့်ဝင်း၊ ခင်သီတာထွန်း၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-အောင်မြင့်မြတ်)

**ညပိုင်း**

၁၇း၁၅ - Sunday Talk
၁၇း၄၅ - "တွဲလက်မြဲမြဲ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ"
၁၈း၂၀ - "ကြယ်ရောင်လမ်း" (၇) (အကယ်ဒမီခင်ဇာခြည်ကျော် နှင့် တွေ့ဆုံခြင်း)
၁၈း၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင် "ကမ္ဘာကျော် လက်မှု တူရိယာ စစ်ကိုင်းဂီတာ"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၇၄)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - သာယာအေးချမ်း "ပဲ" ရေပူစမ်း
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (အပိုင်း-၁၀) "ပြည်ချစ်မြိုင်ကောလိပ် မြိုင်အငြိမ့်" (မင်းသမီး-သန္တာလင်း၊ လူရွှင်တော်-ဖိုးသဲ၊ ယုန်လေး၊ လန်ဒန်၊ စိုပြေ၊ စိန်းလန်း

## ပုသိမ်ကြီးမြို့နယ်တွင် တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းတုံး၊ ခွဲခြမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် စစ်ဆေးရေးစခန်း၌ ယမန်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်က ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် မန္တလေးဘက်မှ မူဆယ်ဘက်သို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်နေ သန်းဝင်းအောင်(ခ)ချစ်ကို(၂၅ နှစ်) မောင်းနှင်လာသော EE/--- တိုယိုတာခရောင်းခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းတုံး၊ ခွဲခြမ်း ဆိုက်စုံ ၄၀၀ ကီလိုဂရမ်အားသိမ်းဆည်းရမိခဲ့သောကြောင့် သန်းဝင်းအောင်အား အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သန်းဝင်းအောင်(ခ)ချစ်ကိုနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။

## ပဲခူးယ်ကုန်း- ကျောက်ကြီးသွားကားလမ်း၌ တရားမဝင် သစ်တင်ယာဉ်တစ်စီးဖမ်းမိ

**ကျောက်တံခါး မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၃/၀ အနီး ဂွေးကုန်းကျေးရွာသို့သွားသည့် လမ်းထိပ်၌ မတ် ၁၅ရက် မွန်းလွဲပိုင်းက တရားမဝင် ပိတောက်သစ်များ တင်ဆောင်ထားသောယာဉ်တစ်စီး ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့သည် ပဲနွယ်ကုန်း-ကျောက်ကြီးသွားကားလမ်းမိုင်တိုင်အမှတ် ၁/၅ အနီး သဲကောကျေးရွာထိပ် ကားလမ်းဘေးတွင် နေထိုင်သည့် ဦးဇော်လေး၏ခြံဝင်းအတွင်း တရားမဝင် ပိတောက်သစ်ကား တစ်စီးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အဆိုပါခြံဝင်းအတွင်းမှ ယာဉ်အမှတ် MDY-5L/-----ဖူဆို ခြောက်ဘီးယာဉ်ဖြင့် ပဲနွယ်ကုန်းမြို့ ဂုဏ်တော်ရပ်ကွက်နေသူ ယာဉ်မောင်း ကျော်ကျော်လွင် (၄၅နှစ်) နှင့် ပဲနွယ်ကုန်းမြို့ ပြည်တော်သာ ၅ လမ်းနေ ဖိုးတာ (၃၅နှစ်)တို့က အဆိုပါသစ်ကားအား ကျောက်ကြီးမြို့ဘက်သို့မောင်းပြေးစဉ် မိုင်တိုင်အမှတ် ၃/၀ အရောက်တွင် တိမ်းမှောက်ခဲ့သဖြင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါယာဉ်ပေါ်မှ တရားမဝင် ပိတောက်သစ်ခွဲသား ၃၂ ချောင်း (၄ ဒသမ ၀၈၃၄ တန်)အား ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိရုံးသို့ သိမ်းဆည်းသယ်ယူခဲ့ပြီး ယာဉ်အား ပဲနွယ်ကုန်းနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ကာ အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၇ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၅ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၅ စီး၊ သွင်းကုန် ၅၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခုနစ်စီး၊ သွင်းကုန် ၂၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မတ် ၁၅ ရက်က တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၃၇၀ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၀၉၈ သန်း စုစုပေါင်း တားဆီးမှု ခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၄၆၈ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အထွေထွေလူသုံးကုန်ပစ္စည်းများ စားသောက်ကုန်ပစ္စည်းများနှင့် ပိုးသတ်ဆေးဘူးများအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ရောက်ရှိလာ၍ ခရီးသည် အောင်ကိုချစ်နှင့် ပြည်ဖြိုးတို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၇၀၊ ဘိန်းဖြူ ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်း ၂ လုံး တို့ကိုလည်းကောင်း၊ အလားတူ မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်းကျေးရွာနေ ဒေါ်အီအွေရှုန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၊ ထိုင်းဘတ်ငွေ ၁၇၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မရမ်းကထောင် စစ်ဆေးရေးဂိတ်၌ ခရီးသည်တင်ယာဉ်ပေါ်မှ ပယင်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးကောင်း မတ် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မရမ်းကထောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မတ် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ခရီးသည်တင်မော်တော်ယာဉ်ဖြင့် တင်ဆောင်လာသည့် ပယင်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သျှားသက်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် မရမ်းကထောင် စစ်ဆေးရေးဂိတ်၌တနိုင်းဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နေ ခင်မောင်ဝင်း(၄၇ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဘိုဘို(၁၉နှစ်) လိုက်ပါလာသည့် ယာဉ်အမှတ် -IC/---- ခရီးသည်တင် မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်မှ ပယင်းအရိုင်းတုံးများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပယင်းအရိုင်းတုံးများမှာ ယာဉ်ပေါ်တွင်စီးနင်းလိုက်ပါလာသည့် မဂူလူမီး(၅၀ နှစ်)၊ဒေါ်စန်းစန်းအေး(၅၃ နှစ်)၊ဒေါ်ကျော့ကျော့ခိုင်(၄၀နှစ်)တို့ ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပြီး စုစုပေါင်း ပယင်းအရိုင်း ၁၂ ပိဿာ ၇၅ ကျပ်သား၊ ပယင်းခေါင်းအုံး ၁၂ လုံးမှ ၁ ပိဿာ ၂၀ ကျပ်သားတို့ဖြစ်ပြီး ပယင်းများ တရားမဝင် သယ်ဆောင်လာသူ ယာဉ်မောင်း ခင်မောင်ဝင်းအပါအဝင် ငါးဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နမ့်ဆန်-ကျောက်ဖြူသွား ကားလမ်းအနီး ဒဏ်ရာများဖြင့် သေဆုံးနေသူတစ်ဦးတွေ့ရှိ

**နမ့်ဆန် မတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် နမ့်ဆန်မြို့မှ ကျောက်ဖြူကျေးရွာသို့သွားသည့် ကားလမ်းအောက် သဲကွင်းအနီး လူတစ်ဦးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က နမ့်ဆန်-ကျောက်ဖြူသွား ကားလမ်းဝဲဘက်ဘေးတွင် လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ယာယီရဲမှူး မိုးဇော်ဆွေ၊ ဒုရဲမှူး သိန်းဇော်၊ ဒုရဲအုပ် စည်သူအောင်တို့ သွားရောက်စစ်ဆေးရာ မန်မိုင်ရပ်ကွက်တွင် နေထိုင်သူ ဦးအောင်ကျော်ဦး၏ လက်ဖက်ခြံထဲတွင် နယ်မြေ(၄)မင်္ဂလာရပ်ကွက် နမ့်ဆန်မြို့နေသူ မသန်းမြင့်(ခ) မအတာမီ (၄၁နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မန်မိုင်ရပ်ကွက်နေ မသန်းမြင့်၏ မောင်ဖြစ်သူ ဦးမောင်မောင်လတ်က ရဲစခန်းသို့ တရားလိုပြုလုပ် တိုင်တန်းသဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**အောင်မိုး(ပြန်/ဆက်)**

# နယ်စပ်တံတိုင်းအသုံးစရိတ် လွှတ်တော်၏ ပယ်ချမှုအပေါ် အမေရိကန်သမ္မတ ဗီတိုအာဏာဖြင့် တုံ့ပြန်

**ဝါရှင်တန် မတ် ၁၆**

အမေရိကန် - မက္ကဆီကို နယ်စပ်တွင် တံတိုင်းကာရံရေး အစိုးရအသုံးစရိတ် ချပေးရေးနှင့် ပတ်သက်ပြီး လွှတ်တော်ဘက်က ငြင်းဆန်ခဲ့သည့် ကိစ္စနှင့် အရေးပေါ်အခြေအနေကြေညာချက် ထုတ်ပြန်ထားမှုကို စိတ်ချသေချာစေရန်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ သမ္မတ သက်တမ်းအတွင်း ပထမဆုံးအကြိမ်အဖြစ် ဗီတိုအာဏာကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

လွှတ်တော်က ဆုံးဖြတ်ချက်ကို လွတ်လွတ်လပ်လပ် ချမှတ်နိုင်သလို မိမိအနေဖြင့်လည်း ဗီတိုအာဏာကို ကျင့်သုံးရမည့် တာဝန်ရှိကြောင်း မတ် ၁၅ရက်က အိမ်ဖြူတော်တွင် အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ကွန်ဂရက် ဆုံးဖြတ်ချက်အပေါ် မိမိက ဗီတိုဖြင့် တုံ့ပြန်လိုက်သည့် အချိန်တွင် မိမိပတ်လည်တွင် ရဲအရာရှိများ၊ အမေရိကန်တွင် တရားမဝင်နေထိုင်သူများက သတ်၍ သေဆုံးခဲ့ရသည့် မိသားစုဝင်များလည်း ရှိကြောင်း၊ လွှတ်တော်၏ လုပ်ရပ်က အန္တရာယ်လည်း ရှိသလို မဆင်မခြင်လုပ်ရပ်လည်း ဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။

နယ်စပ်လုံခြုံရေး အရေးပေါ်အခြေအနေ ကြေညာချက်တစ်ရပ်ကို အမေရိကန်သမ္မတ ထရမ့်က ထုတ်ပြန်ပြီး အစိုးရအသုံးစရိတ်ကို လွှတ်တော်က ချပေးရန် တောင်းဆိုချက်ကို မတ် ၁၄ ရက်က အထက်လွှတ်တော်က ကန့်ကွက်မဲ ၅၉ မဲ၊ ထောက်ခံမဲ ၄၁ ဖြင့် တရားဝင်ပယ်ချခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်၏ တောင်းဆိုမှုကို ကန့်ကွက်ကြသူများထဲတွင် ရီပတ်ဘလစ်ကန်ပါတီ အမတ် ၁၂ဦး ပါဝင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အောက်လွှတ်တော်ကလည်း သမ္မတထရမ့် တံတိုင်းတည်ဆောက်ရေး တောင်းဆိုမှုအပေါ် ပယ်ချခဲ့သည်။

ယခုလို လွှတ်တော်နှစ်ရပ်ပေါင်းကာ သမ္မတ ထရမ့်၏ တောင်းဆိုမှုကို ပယ်ချခဲ့သည့်အတွက် သမ္မတထရမ့်ကလည်း လွှတ်တော်၏ လုပ်ရပ်ကို ဗီတိုအာဏာ သုံးပြီး ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်၏ ဗီတိုအာဏာကို ပယ်ချရန်အလွန်ခက်ခဲမည်ဖြစ်ကြောင်း သိရသည်။ သမ္မတ ထရမ့်၏ ဗီတိုအာဏာကို ပယ်ချရန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း မဲသုံးပုံ နှစ်ပုံရှိမှ သမ္မတ၏ ဗီတိုအာဏာကို ပယ်ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



လွှတ်တော်၏ ကန့်ကွက်မှုအပေါ် ဗီတိုအာဏာဖြင့် တုံ့ပြန်ခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

## အီရတ်နိုင်ငံ၌ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွား

**ဘဂ္ဂဒက် မတ် ၁၆**

အီရတ်နိုင်ငံအရှေ့ပိုင်း ဝါဆစ်ပြည်နယ် ကတ်မြို့တွင် ကလိုရင်း ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့ရာ လူ ၉၀ အသက်ရှူကျပ်သည့် ဝေဒနာခံစားခဲ့ရကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးက ယမန်နေ့က ပြောသည်။ ဓာတ်ငွေ့ယိုစိမ့်မှုသည် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အရှေ့တောင်ပိုင်း ၁၈၀ ကီလိုမီတာခန့်အကွာ ကတ်မြို့ရှိ ရေသန့်စင်အဆောက်အအုံတွင် ဖြစ်ပွားခဲ့ကြောင်း ဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ ဆေ့ဖ်အယ်လ်ဘားဒ်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှုသည် အဖျက်အမှောင့်လုပ်ရပ် သို့မဟုတ် မတော်တဆဖြစ်ရပ်ဆိုသည်ကို ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ယခင်ဖြစ်ရပ်များတွင် အိုင်အက်စ် အကြမ်းဖက်အဖွဲ့များက အရပ်သားများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ကလိုရင်း ဓာတ်ငွေ့သုံးကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် ၂၀၁၇ ခုနှစ် နောက်ပိုင်းတွင် တိုးတက်လာခဲ့သော်လည်း အိုင်အက်စ် အကြွင်းအကျန်များသည် တချို့နေရာတွင် ပုန်းကွယ်နေထိုင်လျက်ရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ပြောက်ကျားတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



နယူးဇီလန်နိုင်ငံရှိ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ နေရာကို တွေ့ရစဉ်။

## နယူးဇီလန်နိုင်ငံ၏ သေနတ်ကိုင်ဆောင်ရေးဥပဒေကို ပြင်ဆင်မည်ဟု ဝန်ကြီးချုပ်ပြော

**ဝယ်လင်တန် မတ် ၁၆**

နယူးဇီလန်နိုင်ငံ၏ သေနတ်ကိုင်ဆောင်ရေး ဥပဒေများကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျက်ဆင်ဒါ အာဒန်က မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

နယူးဇီလန်နိုင်ငံ ခရစ်ချပ်ချ်မြို့ရှိ ဘာသာရေးအဆောက်အအုံနှစ်ခုတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၄၉ ဦးသေဆုံးခဲ့ကာ နောက်ထပ် လူ ၂၀ ခန့် အပြင်းအထန်ဒဏ်ရာရခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ်က ယခုလို ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သေနတ်သမားတွင် သေနတ်စုစုပေါင်း ငါးလက်ခန့်ရှိပြီး အဆိုပါသေနတ်များအားလုံးသည် တရားဝင်ရယူထားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ ယခုလိုပစ်ခတ်သတ်ဖြတ်သည့်လုပ်ရပ်သည် အလွန်ဆိုးရွားသည့် အကြမ်းဖက်လုပ်ရပ်တစ်ခုအဖြစ် ၎င်းက သုံးနှုန်းပြောကြားလိုက်သည်။

သေနတ်ပစ်ခတ်မှုကျူးလွန်သူဟု ယူဆရသည့် အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးအား လူသတ်မှုဖြင့် စွဲချက်တင်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်သူအဖြစ် သံသယရှိသူကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း နယူးဇီလန်ရုပ်သံတစ်ခုဖြစ်သည့် တီဗွီအင်န်ဇက်က သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူသည် ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ်ပြည်နယ် ဂရတ်ဖ်တန်မြို့မှ ဘရန်တန်တာရန့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သူသည် ဩစတြေးလျနိုင်ငံသားဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့တ်မော်ရစ်ဆန်ကလည်း အတည်ပြုပြောကြားခဲ့ပြီး လက်ယာစွန်းအကြမ်းဖက်ဝါဒီအဖြစ် ရည်ညွှန်းပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

## နီကာရာဂွါတွင် နိုင်ငံရေးအကျဉ်းသား ၅၀ ပြန်လွှတ်ပေး

**မန်နာဂွါ မတ် ၁၆**

နီကာရာဂွါနိုင်ငံ၌ အစိုးရဆန့်ကျင်လှုပ်ရှားမှုများအတွင်း ပါဝင်ခဲ့သော အကျဉ်းသား ၅၀ ခန့်ကို ပြန်လွှတ်ပေးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ နိုင်ငံအတွင်းကာလအရှည်ကြာဆုံး နိုင်ငံရေးပဋိပက္ခများကို အဆုံးသတ်နိုင်ရေး ငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် တွန်းအားတစ်ရပ်ဖြစ်လာစေရန် ရည်ရွယ်ကာ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဧပြီလအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများအတွင်း လူပေါင်း ၇၀၀ ခန့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် သမ္မတဒန်နီရယ် အော်တီဂါအပေါ် ဆန့်ကျင်မှုများလာခဲ့သည်။ ပြီးခဲ့သည့်ဧပြီလမှ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော အစိုးရဆန့်ကျင်လှုပ်ရှားမှုများအတွင်း လူပေါင်း ၃၂၅ ဦးခန့် အသတ်ခံခဲ့ရသည်။ တိုင်းပြည်အတွင်း လူထောင်ပေါင်းများစွာတို့သည်လည်း မငြိမ်မသက်မှုများကြောင့် ထွက်ပြေးခဲ့ရသည်။

အကျဉ်းသားများကို နေအိမ်၌ ချုပ်နှောင်ထားခြင်းမှ ပြန်လွှတ်ပေးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးက ကြေညာခဲ့သည်။ သို့သော် ပြန်လွှတ်ပေးသည့်အထဲတွင် အဓိကအတိုက်အခံခေါင်းဆောင်များ မပါဝင်ခဲ့ပေ။

အတိုက်အခံမဟာမိတ်များက ရွေးကောက်ပွဲကို စောစောခေါ်ရန် သမ္မတထံ တောင်းဆိုထားပြီး သမ္မတ၏ လက်ဝဲစွန်းရောက်အစိုးရ အဖွဲ့နှင့် ကာလရှည်ရပ်နားထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စနိုင်ရန် စီစဉ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာမှ ဖိအားများနှင့် စီးပွားရေးပဋိပက္ခများနှင့် ရင်ဆိုင်နေရပြီး နီကာရာဂွါအစိုးရသည် လပေါင်းများစွာရပ်နားထားသည့် ဆွေးနွေးပွဲကို ပြန်စခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုအသစ် အစတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၇ ရက်ကလည်း နိုင်ငံရေးအကျဉ်းသား ၁၀၀ ခန့်ကို ပြန်လွှတ်ပေးခဲ့သည်။

သို့သော် အတိုက်အခံများဘက်မှ နောက်ထပ်ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည့်အတွက် ဆွေးနွေးညှိနှိုင်းမှု ရပ်တန့်သွားခဲ့သည်။ မတ်လ ၁၄ ရက်က အစိုးရဘက်မှ အာမခံချက်အသစ်များ ကမ်းလှမ်းခဲ့ပြီးနောက် ဆွေးနွေးပွဲကို ပြန်စခဲ့သည်။

အတိုက်အခံဘက်မှ ကိုယ်စားလှယ် အယ်ဇာဟာလေဆိုလစ်က ယခုပြန်လွှတ်ပေးသည့် အရေအတွက်မှာ လုံလောက်မှုမရှိသေးကြောင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်မပေးမချင်း ဆွေးနွေးပွဲကို တက်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



နီကာရာဂွါသမ္မတ ဒန်နီရယ် အော်တီဂါ

## မြောက်ကိုရီးယားနှင့် ဆက်လက်ဆွေးနွေးရန် မျှော်လင့်ချက်ထားသည်ဟု မိုက်ပွန်ပီအိုပြော

**ဝါရှင်တန် မတ် ၁၆**

မြောက်ကိုရီးယားနှင့် ဆက်လက်ဆွေးနွေးသွားရန် မျှော်လင့်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက သောကြာနေ့တွင် ပြောကြားခဲ့သည်။ “စေ့စပ်ညှိနှိုင်းရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားဖို့ ကျွန်တော်တို့မျှော်လင့်လျက်ရှိပါတယ်”ဟု မစ္စတာ ပွန်ပီအိုက နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးမှ ဆက်လက်ဆွေးနွေးသွားရန် ရှိကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့ပြီး အသေးစိတ်အချက်အလက်များကိုမူ ရှင်းပြသွားခဲ့ခြင်း မရှိပေ။ မစ္စတာ ပွန်ပီအိုက ၎င်းနှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ လက်တွေ့ကျကျ ပြောဆိုခဲ့ကြကြောင်း ဆက်လက်လည်း ဆွေးနွေးသွားကြရန် မျှော်လင့်ထားကြောင်း ပြောသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံပွဲအတွင်း အမေရိကန်ဘက်မှ ပျက်ကွက်မှုများကို မြောက်ကိုရီးယားဘက်မှ အပြစ်တင်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုလိုမှတ်ချက်ချပြောဆိုမှု ထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ သဘောတူညီချက်မရဘဲ ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့သော တွေ့ဆုံပွဲကို အဆုံးသတ်ခဲ့ရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့ ဆက်လက်လုပ်ဆောင်ရမည့် ကွက်လပ်တစ်ခု ရှိနေသေးသည်ဟု သတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ပြောသည်။

ထရမ့်၏ ပြောကြားချက်အရ မြောက်ကိုရီးယားခေါင်းဆောင် ကင်သည် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့ထားမှုများမှ သက်သာရာရရှိစေရန် တောင်းဆိုထားပြီး အပြန်အလှန်အားဖြင့် ပြုံယမ်းနျူကလီးယား အစီအစဉ် အစိတ်အပိုင်းများကို ဖျက်သိမ်းပေးရမည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံကမူ ထရမ့်၏ ပြောကြားချက်များကို ငြင်းဆိုထားပြီး မြောက်ကိုရီးယားအနေဖြင့် ပြည်သူများ အသက်ရှင်နေထိုင်မှု အဆင်ပြေစေရေးအတွက် ပိတ်ဆို့မှုတစ်စိတ် တစ်ပိုင်းကို ဦးစွာဖယ်ရှားပေးရန် ရည်ရွယ်သည်ဟု ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးခြင်း နှစ် ၄၀ ပြည့်အလွန် ယနေ့တရုတ်ပြည်

## ခရီးသွားဆောင်းပါး - ဇင်ဦး(မြန်မာ့အလင်း)

**လုံခြုံရေးအထပ်ထပ် ရောမလေဆိပ်ကြီးက ထွက်သည်နှင့် ပြိုးပြိုးပြက်ပြက် မီးရောင်စုံများ၊ မိုးမျှော်တိုက်တာ အိုးအိမ်များ၊ ကားတစ်စီးစ နှစ်စီးစ ဖြတ်သန်းနေသော အထပ်ထပ်မိုးပျံလမ်းများနှင့် ၁၂ ဒီကရီဆဲစီးရပ်စ်သာရှိသော အေးမြတဲ့ရာသီဥတုက စာရေးသူတို့အဖွဲ့ကို ကြိုဆိုနေသယောင်ရှိသည်။**

နွေဦးပေါက်ကာလ အပူချိန် ၃၅ ဒီကရီရှိသော မိမိနိုင်ငံမှ ထွက်လာပြီးနောက် တရုတ်နိုင်ငံသို့ ရောက်ရှိချိန်တွင် ခိုက်ခိုက်တုန်အောင်သာ ချမ်းနေတော့သည်။ စာရေးသူပါဝင်သော မြန်မာသတင်းမီဒီယာ ၁၂ ဦးအဖွဲ့သည် ပေကျင်းမြို့၌ မတ် ၃ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်(The Second Session of the 13th National Committee of the Chinese People's Political Consultative Conference - CPPCC)နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress -NPC) အစည်းအဝေးတို့တွင် တက်ရောက်သတင်းရယူရန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယခုတစ်ခေါက် ပေကျင်းခရီးစဉ်တွင် ကူမင်းမြို့မှတစ်ဆင့် လေယာဉ်ပြောင်းစီးခဲ့ခြင်းဖြစ်သည်။ စာရေးသူတို့အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မတ် ၂ ရက် မွန်းလွဲပိုင်းက ထွက်ခွာခဲ့ကြပြီး ကူမင်းမှတစ်ဆင့် ပေကျင်းလေဆိပ်သို့ ဒေသစံတော်ချိန် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ချောချောမောမောပင် ရောက်ရှိခဲ့ကြသည်။ ပေကျင်းလေဆိပ်မှတစ်ဆင့်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေးကွန်ဖရင့်အစည်းအဝေး၌ တက်ရောက်သတင်းရယူသည့် မီဒီယာသမားများကို တွေ့ရစဉ်။

တည်းခိုရမည့် Xiangda International Hotel သို့ ကားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲခန့် ရှိပေပြီ။ စာရေးသူသည် ၂၀၁၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရုပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ လူငယ်ယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်အရ လေ့လာရေးခရီး ရောက်ရှိပြီးနောက် ယခုတစ်ခေါက် ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်သည်။

**သတင်းမီဒီယာသမား ၁၂ ဦး တက်ရောက်**

ယခင်တစ်ခေါက်နှင့် မတူသည်မှာ ယခုအခေါက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်အဆင့်ကျင်းပသည့် အခမ်းအနားတွင် တက်ရောက်သတင်းရယူရသည်။ စာရေးသူနှင့်အတူ မြန်မာသတင်းမီဒီယာဖြစ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာဒီဂျစ်တယ်သတင်းဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ဒီလှိုင်းဂျာနယ်၊ ပြည်ထောင်စုနေ့စဉ်၊ ဒီမိုကရေစီတူဒေး၊ MITVနှင့် MI ရေဒီယိုတို့မှ သတင်းမီဒီယာသမား ၁၂ ဦးတို့ တက်ရောက်သတင်းယူခဲ့ကြသည်။

မတ် ၃ ရက် နံနက်ပိုင်းတွင် မြန်မာသတင်းမီဒီယာအဖွဲ့များသည် တရုတ်နိုင်ငံမှ ကြိုဆိုနေကြသော Guide များနှင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံတွင် တရုတ်ဘာသာနှင့် ပါရဂူဘွဲ့ယူရန် ရောက်ရှိနေသည့် မန္တလေးသား ကိုထိုက်လွင်ကို တို့နှင့်အတူ အမျိုးသားပြတိုက်တွင်ကျင်းပသည့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးခြင်း နှစ် ၄၀ ပြည့် အထိမ်းအမှတ်ပြပွဲသို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါပြပွဲကျင်းပသည့် အမျိုးသားပြတိုက်သည် ပေကျင်းမြို့လယ် အချက်အချာနေရာဖြစ်သည့် ပြည်သူ့မဟာခန်းမ၊ Tiananmen Square၊ တရုတ်နိုင်ငံ၏ ရှေးဟောင်းဘုရင့်နန်းတော်ဖြစ်သည့် Forbidden City တို့နှင့် သုံးပွင့်ဆိုင် တည်ရှိနေကြသည်။

CPPCC နှင့် NPC ကျင်းပသည့်အချိန်ဖြစ်၍ Tiananmen ရင်ပြင်၊ အမျိုးသားပြတိုက်နှင့် Forbidden City အတွင်း ဝင်ရောက်ရန်အတွက် လုံခြုံရေးအထပ်ထပ် တိုးမြှင့်ချထားမှုများကြောင့် ပြတိုက်သွားရာ လမ်းတစ်လျှောက်၌ အစစ်ဆေးခံရန် တန်းစီစောင့်ဆိုင်းနေကြရသည့် လူအုပ်ကြီးကိုလည်း အများအပြား မြင်တွေ့ခဲ့ရသည်။ စာရေးသူတို့အဖွဲ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လိုက်ပါကူညီသူများကြောင့် အမျိုးသားပြတိုက်သို့ အစစ်ဆေးခံရန်ပင်မလိုဘဲ အခက်အခဲမရှိ အဆင်ပြေပြေနှင့် ဝင်ရောက်နိုင်ခဲ့ကြသည်။ ပြတိုက်သွားရာ လမ်းတစ်လျှောက်ရှိ သစ်ပင်များမှာလည်း စာရေးသူ ယခင်တစ်ခေါက်ရောက်ခဲ့တုန်းကကဲ့သို့ စိမ်းစိမ်းစိုစိုမဟုတ် အအေးဒဏ်ကိုအန်တုကာ အရိုးပြိုင်းပြိုင်းထလျက် ရှိသည်။

**ဖွံ့ဖြိုးတိုးတက်လာမှုများကို လေ့လာခွင့်ရခဲ့**

အမျိုးသားပြတိုက်တွင် ကျင်းပသည့် အဆိုပါပြပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၇၈ ခုနှစ် တိန့်ရှောင်ဖိန် အစိုးရ တက်လာပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သိပ္ပံ၊ နည်းပညာများ၏ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမှုများကို လေ့လာခွင့်ရခဲ့သည်။

တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒ ကျင့်သုံးမှု ကျယ်ပြန့်လာသည့်နောက်ပိုင်း စားနပ်ရိက္ခာကို တန်းစီဝယ်ယူရာမှ စားနပ်ရိက္ခာဖူလုံသည်အထိ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုများ၊ နှစ်ပေါင်း ၄၀ ကျော်အတွင်း တိုးတက်ထွန်းကားလာသည့် မြို့ပြပုံစံငယ်များ၊ အဆောက်အအုံများ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သိပ္ပံနည်းပညာနှင့်ပတ်သက်၍ နောက်ဆုံးပေါ် ကွန်ပျူတာ၊ နိုင်ငံခုနစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် နျူကလီးယား အပူလှိုင်းတိုင်းတာရေး သုတေသနစင်တာ တည်ဆောက်ထားမှု၊ ဂြိုဟ်တုဆက်သွယ်ရေးယာဉ်များနှင့် အာကာသလေ့လာရေးယန္တရားများ၊ တပ်မတော်သုံး ယာဉ်၊ ယန္တရားများနှင့် လက်နက်ကိရိယာများ၊ ဆင်ဟွာ၊ စီစီတီဗွီ အစရှိသည့် မီဒီယာနှင့်ပတ်သက်သည့်ပြခန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ မြေအောက်ရထားများ၊ ကျည်ဆန်ရထားများ၏ နောက်ဆုံးပေါ်နည်းပညာများ၊ လူမှုရေး၊ စီးပွားရေး၊ လျှပ်စစ်ထုတ်ယူ အသုံးပြုမှုများနှင့်ပတ်သက်သည့် ပြခန်းများ အစရှိသည့် ၁၉၇၈ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်လာသည့် ပြခန်းများ ခင်းကျင်းပြသထားသည်ကို လေ့လာခဲ့ရသည်။

ယင်းပြခန်းများအနက် စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တွင် နေထိုင်သည့် ကျွမ့်လူမျိုးများသည် ယခင်က ဘာသာစကားရှိသော်လည်း စာပေမရှိသည့်အတွက် တရုတ်နိုင်ငံအစိုးရက ကျွမ့်လူမျိုးများအတွက် စာပေကို ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပေကျင်းမြို့ရှိ ၂၈၀၀၀၀ စကွဲယားမီတာ ကျယ်ဝန်းပြီး စာအုပ်စာပေပေါင်း ၃၅၀၀၀၀၀ ခန့်ရှိကာ နှစ်စဉ် စာအုပ် တစ်သန်းခန့် တိုးတက်လျက်ရှိသည့် ကမ္ဘာ့တတိယအကြီးဆုံးနှင့် အာရှတိုက်၏ အကြီးဆုံးစာကြည့်တိုက်ဖြစ်သော အမျိုးသားစာကြည့်တိုက်ကြီးကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပေါ်ပေါက်လာခဲ့ခြင်းတို့ဖြစ်သည်။ တိုင်းရင်းသားရေးရာနှင့် စာပေကို အလေးထားကြောင်း လေ့လာတွေ့ရှိရသည်။



ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးမှု နှစ် ၄၀ ပြည့် အထိမ်းအမှတ်ပြပွဲ၌ မြန်မာမီဒီယာအဖွဲ့ လေ့လာကြစဉ်။

ပြခန်းများတွင် ပြသထားသည့် အကြောင်းအရာများအား ခြုံငုံသုံးသပ်ကြည့်လျှင် အရာအားလုံး အံ့သြဘနန်း ချီးကျူးဖွယ်ရာအတိ ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်အတွင်း အဘယ်ကြောင့် ယင်းကဲ့သို့ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲလာခဲ့သည်ကို သုံးသပ်ကြည့်သော် နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားမှု၊ ခေါင်းဆောင်ကောင်းမှုနှင့် စီမံခန့်ခွဲမှုစနစ်ကျမှု၊ ပြည်သူပြည်သားများ၏ စည်းကမ်းစနစ်ကျမှု၊ လိုက်နာဆောင်ရွက်နိုင်မှုများ၊ ပကတိအရှိကို အခြေခံကာ တီထွင်နိုင်မှုစွမ်းရည်များကြောင့် အဓိကအားဖြင့် စီးပွားရေးနှင့် သိပ္ပံနည်းပညာပိုင်းတွင် တိုးတက်ပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့မြင်နိုင်ပေသည်။ ဘဲဥကို အွန်လိုင်းစနစ်ဖြင့်ရောင်းချပြီး မောင်းသူမဲ့ (Drone) ယာဉ်ဖြင့် ဝယ်ယူသူထံ အရောက်ပို့ပေးနိုင်သည့် နည်းပညာနှင့် စီးပွားရေးကို ဆက်စပ်အသုံးပြုနိုင်မှုကိုလည်း အံ့သြဖွယ် တွေ့မြင်ခဲ့ကြရသည်။ တရုတ်ပြည်၏ နာမည်ကျော် ကျည်ဆန်ရထားမှာလည်း ယခုနောက်ဆုံးပေါ်နည်းပညာဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ ကျော်အထိ မောင်းနှင်နိုင်သည်အထိ ခရီးပေါက်ခဲ့ပြီဖြစ်သည်။

**တက်ရောက်သတင်းရယူခဲ့**

မတ် ၃ ရက် ညနေပိုင်းတွင် ပြည်သူ့မဟာခန်းမ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယအကြိမ် ၁၃ ကြိမ်မြောက် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(The Second Session of the 13th National Committee of the Chinese People's Political Consultative Conference - CPPCC) အစည်းအဝေးနှင့် မတ် ၅ ရက်တွင် ကျင်းပသည့် အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress - NPC) အစည်းအဝေးဖွင့်ပွဲများသို့ တက်ရောက်သတင်းရယူခဲ့ကြသည်။

ယခုနှစ်သည် ၁၉ ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ (CPC) အမျိုးသားညီလာခံ၏ သဘောထားအား အကောင်အထည်ဖော်မည့် ပထမဆုံးနှစ်ဖြစ်သလို တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒ ကျင့်သုံးမှု နှစ် ၄၀ ပြည့်လည်း ဖြစ်သည်။

ထိုအစည်းအဝေးများ တက်ရောက်ရန်အတွက် သတင်းထောက် ၃၀၀၀ ကျော် ဖိတ်ကြားခဲ့ပြီး စုစုပေါင်း သတင်းထောက် ၂၅၀၀ ကျော် တက်ရောက်ခဲ့ကာ ပြည်ပမှ သတင်းထောက် ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း အစည်းအဝေးကျင်းပရေး သတင်းစင်တာ၏ ထုတ်ပြန်သည့်ကြေညာချက်အရ သိရသည်။

မတ် ၃ ရက်က ကျင်းပသည့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (CPPCC)အစည်းအဝေးတွင် ဥက္ကဋ္ဌ ဝမ်းယန်နှင့် ဒုတိယဥက္ကဋ္ဌ စူဟွေ့တို့က အမြဲတမ်းအဖွဲ့ဝင်များ ကိုယ်စား လုပ်ငန်းအစီရင်ခံစာကို ညီလာခံကိုယ်စား လှယ်များထံ အစီရင်ခံတင်ပြကြသည်။ အဆိုပါ ညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်၊ နိုင်ငံတော်အတိုင်ပင်ခံကောင်စီ ဒုတိယဥက္ကဋ္ဌ ကျန်းချင့်လီအပါအဝင် ဒုတိယဥက္ကဋ္ဌများ၊ အတိုင်ပင်ခံကောင်စီ အမြဲတမ်းအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ စုစုပေါင်း ၂၁၃၃ ဦး တက်ရောက်ကြသည်။ ထို့ပြင် မတ် ၅ ရက်တွင် ကျင်းပသည့် NPC အစည်းအဝေးတွင်လည်း ကိုယ်စားလှယ်သုံးထောင်နီးပါးနှင့် သတင်းမီဒီယာသမား ၂၇၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အရေးပါဆုံးသော နိုင်ငံရေးဆွေးနွေးပွဲကြီးများ**

အဆိုပါ CPPCC နှင့် NPC မျက်နှာစုံညီအစည်းအဝေး နှစ်ရပ်ကို "Two Sessions" ဟုခေါ်လေ့ရှိသည်။ ယင်းအစည်းအဝေးနှစ်ရပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပါဆုံးသော နိုင်ငံရေးဆွေးနွေးပွဲကြီးများဖြစ်ပြီး နှစ်တစ်နှစ်၏ တတိယမြောက်လတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးများတွင် နိုင်ငံတော်အစိုးရတာဝန်ရှိသူတစ်ဦးက ပြီးခဲ့သည့်နှစ်အတွက် လုပ်ငန်းအစီရင်ခံစာနှင့် နောက်တစ်နှစ်အတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီရင်ခံစာတမ်းများကို တင်သွင်းဆွေးနွေးကြသည်။

ထို့ပြင် အဆိုပါ အစည်းအဝေးများတွင် တက်ရောက်လာကြသည့် နိုင်ငံအဆင့်၊ ပြည်နယ်အဆင့်နှင့် စီရင်စုအဆင့် ကော်မတီဝင် ကိုယ်စားလှယ်များပါဝင်လေ့ရှိပြီး အဓိက ကော်မတီကြီး ၁၀ ရပ် ဖွဲ့စည်းပါရှိကြောင်း သိရသည်။ CPPCC ပုံမှန်အစည်းအဝေးများတွင် တက်ရောက်လာသော အတိုင်ပင်ခံကိုယ်စားလှယ်များက နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဥပဒေပြုရေး၊ တိုင်းရင်းသားရေးရာများနှင့် အုပ်ချုပ်ရေးတို့အတွက် အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးတွင် သတင်းရယူခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမီဒီယာသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ - သီဟစည်သူ

# ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲမှပုံရိပ်များ



ချင်းရိုးရာ ပါးရဲအလှဆေးမင်ကြောင်ထိုးနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်




ချင်းရိုးရာယဉ်ကျေးမှုဝါးညှပ်အကဖြင့် ချင်းတိုင်းရင်းသားတိုင်းရင်းသူများ ကပြဖျော်ဖြေစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်



ချင်းအမျိုးသမီးတစ်ဦး ချင်းရိုးရာယဉ်ကျေးမှုအဝတ်အထည်ရက်လုပ်နေမှုကို နိုင်ငံခြားသားဧည့်သည်များ ကြည့်ရှုလေ့လာစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်




ချင်းရိုးရာအစားအစာများ ရောင်းချနေသည့် ဆိုင်ခန်းတစ်ခန်းကို တွေ့ရစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်



ချင်းအမျိုးသားတစ်ဦးက ပလွေအား နှာခေါင်းဖြင့် မှုတ်ပြစဉ်နှင့် ချင်းရိုးရာယဉ်ကျေးမှုတူရိယာပစ္စည်းများကို တွေ့ရစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်



ချင်းအဘွားအိုတစ်ဦး ချင်းရိုးရာယဉ်ကျေးမှုပလွေအား နှာခေါင်းဖြင့် မှုတ်ပြစဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် လုပ်ငန်းစဉ် ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ

**မကွေး မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ Livelihood and Food Security Trust Fund (LIFT) တို့ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ရေးဆွဲထားသော စီမံကိန်းများအား မြို့နယ်အဆင့်တွင် စုစည်းခြင်းလုပ်ငန်းစဉ် အတွေ့အကြုံရှင်းလင်း တင်ပြခြင်းအခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာရေး အတွက်လုပ်ကိုင်ရာတွင် ကဏ္ဍစုံ၊ ဌာနပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုပြုလုပ်သည့် အခမ်းအနား သည် မြေပြင်၌ လက်တွေ့လုပ်ဆောင်ရာတွင် တွေ့ရသည့် ဖြစ်ထွန်းမှုများ၊ အခက်အခဲအကျပ်အတည်းများကို တက်ရောက် လာသူများ သိရှိကြရမည်ဖြစ်ပြီး တက်ရောက်လာသူများထံမှ အဖိုးတန်သည့် အကြံပြုချက်များ ပေါ်ထွက်လာမည်ဟု ယုံကြည် ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မိမိတို့ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြို့နယ်ပေါင်း ၂၂၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၁၃၉၁ ရွာတွင် ရေးဆွဲဆောင်ရွက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ ကျေးရွာပေါင်း ၄၇၁၈ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် ကျေးရွာဖွံ့ဖြိုးရေးကျွမ်းကျင်ပညာရှင် ဦးကျော်နိုင် တို့က ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအခမ်းအနား ကျင်းပစဉ်။

# ကွန်ပျူတာနည်းပညာပြပွဲ၊ ပညာရေးဟောပြောပွဲနှင့်ဈေးရောင်းပွဲတော်(မန္တလေး) ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း (MCPA)နှင့် မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA) တို့ ပူးပေါင်းကျင်းပသော (၁၅) ကြိမ်မြောက် ICT Exhibition 2019 ကွန်ပျူတာ နည်းပညာပြပွဲ၊ ပညာရေး ဟောပြောပွဲနှင့် ဈေးရောင်းပွဲတော်(မန္တလေး) ဖွင့်ပွဲကို မန္တလေးမြို့ ၂၆လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ(၁)၌ ယမန်နေ့က ကျင်းပသည်။

ICT Exhibition 2019 အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးနေသူဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ICT Exhibition 2019 အား ပြခန်းပေါင်း ၅၀ ကျော်ဖြင့် မတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပကာ ကွန်ပျူတာနှင့် အခြားဆက်စပ်ပစ္စည်းများ၊ Mobile Phone နှင့် Tablet များ၊ Printer နှင့် အခြား Digital ပစ္စည်းများ၊ CCTV နှင့် အခြားလုံခြုံရေးဆိုင်ရာ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၊ အင်တာနက်လိုင်းဝန်ဆောင်မှုများ စုံလင်စွာ ပါဝင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

# ကမ္ဘောဇလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**တောင်ကြီး မတ် ၁၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူတို့သည် ယမန်နေ့က တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ကမ္ဘောဇလမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကိုးမြို့ရှင် နတ်နန်းလမ်းဆုံ၌ မီးပွိုင့်တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအေးကိုက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါကမ္ဘောဇလမ်း အပိုင်း ၁ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ အရှေ့မြို့ပတ်လမ်း မီးပွိုင့်လမ်းဆုံမှ ရေထွက်ဦးလမ်းအထိ လမ်းအဆင့်မြှင့်တင်ခြင်း (လမ်း- တံတား- ရေမြောင်း- ပလက်ဖောင်း) အတိုင်းအတာ ခန့်မှန်းကုန်ကျငွေကျပ် ၂၅၂၆ ဒသမ ၂၄ သိန်း၊ ၂၀၁၆ - ၂၀၁၇ နှစ်၊ ၂၀၁၇- ၂၀၁၈ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပြီး ကမ္ဘောဇလမ်း အပိုင်း ၂ ရေထွက်ဦးလမ်းမှ မဟာဗန္ဓုလလမ်းအထိ လမ်းအဆင့်မြှင့်တင်ခြင်း (လမ်း - တံတား - ရေမြောင်း - ပလက်ဖောင်း- လမ်းလယ်ကျွန်းမျော- မြေကာနံရံ) ခန့်မှန်း ကုန်ကျငွေကျပ် ၅၄၁၃ ဒသမ ၀၂ သန်း၊ တင်မြင့်ရီကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၀၀ လှူဒါန်းဆောင်ရွက်ခြင်း၊ ကမ္ဘောဇလမ်း အပိုင်း ၃ မဟာဗန္ဓုလလမ်းမှ ပြည်နယ်ပညာရေးမှူးရုံးလမ်းဆုံအထိ လမ်းအဆင့်မြှင့်တင်ခြင်း (လမ်း- တံတား- ရေမြောင်း- ပလက် ဖောင်း- လမ်းလယ်ကျွန်းမျော- မြေကာနံရံ) ခန့်မှန်း ကုန်ကျငွေကျပ် ၇၄၈၁ ဒသမ ၉၉ သိန်းဖြင့် ဆောင်ရွက်ပြီး စုစုပေါင်းခန့်မှန်း ကုန်ကျငွေ (ကတ္တရာတန်ဖိုးငွေအပါ)ငွေကျပ် ၁၅၄၂၁ ဒသမ ၁၅ သိန်း၊ ကတ္တရာတန်ဖိုးငွေကျပ် ၁၁၄၂ ဒသမ ၂၈ သိန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (ကတ္တရာတန်ဖိုး ငွေမပါ) ၁၄၂၇၈ ဒသမ ၈၇ သိန်း၊ စုစုပေါင်း လမ်းအရှည်ပေ ၅၉၉၀ ကမ္ဘောဇလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## အသက်မွေးပညာရပ်ဆိုင်ရာ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနား လှိုင်ကော်၌ ကျင်းပ

**လှိုင်ကော် မတ် ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၌ ယမန်နေ့က သင်တန်းအမှတ်စဉ်(၆/၂၀၁၉) အခြေခံဆိုင်ကယ်ပြုပြင်နည်း သင်တန်းဖွင့်ပွဲနှင့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း လူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အသက်မွေးပညာသင်တန်းကျောင်းအား သုံးနှစ်တာကာလအတွင်း ကြိုးပမ်းဖော်ဆောင်ခဲ့ကြောင်း၊ ကျောင်းအတွက် လိုအပ်သောသင်ထောက်ကူပစ္စည်းများ၊ သင်တန်းအဆောက်အအုံများကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ တစ်ပိုင်တစ်နိုင်အသက်မွေးပညာများ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက စနစ်တကျစီမံချက်ရေးဆွဲတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**လှိုင်ကော်သား**

## သီပေါ ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

**သီပေါ မတ် ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါဘုရားကြီးအရှေ့ဘက်မုခ်ဦး၌ ကျင်းပရာ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် တာဝန်ရှိသူတို့က ပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမီလိန္ဒအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ပေါ်ကြိုဘုရားကြီး၏ ၁၃၀၀ ပြည့်နှစ် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းကို မတ် ၁၅ ရက်မှ ၂၀ ရက်အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၆-၃-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၆၅ ကျပ် | ၉၆၅/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၈၅ ကျပ် | ၈၁၅/၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၉၅၀ ကျပ် | ၈၉၀/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ · ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၅ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၁ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၈ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၁ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၅ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ · ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၁၈၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO


ဖိုးသာထူး


ဇော်နီ



အပူအောက်ကို ရှောင်ကြတယ် -
အဟ =




ပေါင်ပေါင်ဒေါ်
ငါ့ အဘိုးက အသက် ရှစ်ဆယ် ရှိပြီ ပေါင်မှာ ထိုးကွင်းတွေအပြည့်
ခါတ်ပုံထဲမှာကြည့်
ထိုးကွင်းထိုးတယ် ဆိုတာ တကယ်နာတယ် သတ္တိရှိတဲ့ သူတွေမှ ထိုးတာ..
ဒီခေတ် တက်တူး ထိုးသလို အလှ မဟုတ် ဘူး
အမှန်ပေါ့
ငါ့အဖေမှာလည်း ပေါင်တင်မက ခြေသလုံးတွေမှာပါ ထိုးကွင်းတွေနဲ့ အပြည့်
အမ်
မင်း အဖေက အသက်ဘယ်လောက် ရှိပြီလဲ...
လေးဆယ်
မဖြစ်နိုင်ဘူး တက်တူးပဲဖြစ်မယ်
မင်းမယုံရင် ငါ ဖုန်းနဲ့ ဓာတ်ပုံရိုက်ခဲ့မယ်
ညနေ
အဖိုကေ ပဲကွ ငါဓာတ်ပုံရိုက်ခဲ့ပြီ
ပြလေ
ဟားဟား ဟားဟား မင်းအဖေက ထိုးကွင်းမှ မဟုတ်ပဲ..
ပွေးကွက် တွေ
ဂိ




ကလေး အတွေး
ကာတွန်း ဆောင်ရှောင်း
သားလေး ဝင်လိုက် ထွက်လိုက်နဲ့ ဘာဖြစ်နေတာလဲ
မောင်မောင်မြင့်အကြောင်းကြား ရတာ စိတ်မကောင်းဖြစ် လို့ပါ မေမေ
ဟင်! သူက ဘာဖြစ်လို့လဲ
ဂလွမ်
သူ့မျက်လုံး တွေက စာဖတ် လို့လားမရ
မျက်စိကြည့် လို့လဲ မမြင် ဖြစ်နေလို့ တဲ့
ဖြစ်မှာပေါ့ သူက အချိန်ရှိတိုင်း ဖုန်းနဲ့ ဂိမ်း ကစားနေတာ
ဟုတ်တယ်
ဟုတ်တယ်
ဒါဆို ဒီနေ့ကစပြီး သားတို့လည်း ဂိမ်း မကစားရတော့ဘူး
ကလေးတွေ ဂိမ်း မကစားတာ ကောင်းတယ်၊ လူကြီးတွေကလည်း ကလေးတွေရှေ့မှာ မကစားကြဖို့ ကော့ လိုတယ်

# တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဃ) တီထွင်မှုမူပိုင်ခွင့်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ ဖြစ်စေ၊ သတ်မှတ်ထားသည့် အရေးပါသော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ချန်လှပ်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်တွင် တောင်းဆိုထားသော တီထွင်မှုကို ဦးစားပေးနေ့ရက်မတိုင်မီ လျှို့ဝှက်စွာ အသုံးပြုထားခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လိုအပ်သော သတင်းအချက်အလက်များကို မှတ်ပုံတင်အရာရှိထံ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် သတင်းအချက်အလက်များကို မှားယွင်းစွာ ဖော်ပြထားခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မူပိုင်ခွင့် တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၇၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက တီထွင်မှု မူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) လျှောက်ထားသူသည် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားရှိမှုကို ဖောက်ဖျက်ခြင်း သို့မဟုတ် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ကို ဖောက်ဖျက်၍ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊

(ခ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ နှစ်စဉ်ကြေး ပေးသွင်းထားမှုမရှိ၍ ပျက်ပြယ်ခြင်း၊

(ဂ) တီထွင်မှုတွင် အသုံးပြုထားသော မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ ဆင်းသက်လာသော တီထွင်မှုတွင် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) နှင့်အညီ ဖော်ပြမထားခြင်း သို့မဟုတ် မမှန်မကန် ဖော်ပြထားခြင်း။

၇၉။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ကို ရုပ်သိမ်းပါက ယင်းသို့ရုပ်သိမ်းကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး သက်ဆိုင်ရာ တီထွင်မှု မူပိုင်ခွင့်ပိုင်ရှင်ထံ အကြောင်းကြား၍ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ အဆိုပါ ရုပ်သိမ်းခြင်းကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)
## အသေးစားတီထွင်မှု

၈၀။ (က) အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှု လုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှု မူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။

(ခ) အောက်ပါတို့သည် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် မရရှိစေရ -

(၁) ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊

(၂) ဓာတု၊ ဆေးဝါး၊ ဇီဝ၊ သတ္တုဆိုင်ရာ အရာဝတ္ထုများ၊ အခြားသော အရာဝတ္ထုများ သို့မဟုတ် ဒြပ်ပေါင်းများ၊

(၃) ဤဥပဒေနှင့်အညီ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်ပေးခြင်းမှ တားမြစ်ထားသော အရာများ၊

(၄) ပန်းပု၊ ဗိသုကာလက်ရာများ သို့မဟုတ် သဘာဝအတိုင်း တည်ရှိနေသော အလှအပအဆင်တန်ဆာများ။

(ဂ) အသေးစားတီထွင်မှုဆိုင်ရာ ဖော်ပြချက်သည် သက်ဆိုင်ရာ နည်းပညာနယ်ပယ်ရှိ သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါအသေးစားတီထွင်မှုကို ဆက်လက်ပြုလုပ်နိုင်သည်အထိ ပြည့်စုံရှင်းလင်းစွာ ဖော်ပြရမည်ဖြစ်ပြီး အထူးသဖြင့် အရာဝတ္ထု၏ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်ချက်များကို မည်သို့မြှင့်တင်ပေးထားသည်ကို ဖော်ပြရမည်။

(ဃ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား မထိခိုက်စေဘဲ တီထွင်မှုမူပိုင်ခွင့်များနှင့် တီထွင်မှု မူပိုင်ခွင့်လျှောက်ထားခြင်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသေးစားတီထွင်မှု မူပိုင်ခွင့် ခွင့်ပြုရန် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်သည်။

၈၁။ အသေးစားတီထွင်မှု မူပိုင်ခွင့်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်မှ ၁၀ နှစ် ဖြစ်သည်။

၈၂။ စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု ရှိ မရှိ၊ ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၀၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို မှတ်ပုံတင်အရာရှိထံ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက မှတ်ပုံတင်အရာရှိထံ တင်ပြပြီး အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူ၍ ရုပ်သိမ်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏ သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၈၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၈၂ အရ တင်ပြသည့် သဘောထားမှတ်ချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို အများပြည်သူ သိရှိနိုင်ရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၈၄။ (က) အသေးစားတီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခိုင်လုံသော သက်သေခံအထောက်အထား များဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထား သူထံ အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) စစ်ဆေးရေးအရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထား ချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။

၈၅။ မှတ်ပုံတင်အရာရှိသည် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်းမရှိပါက အဆိုပါ အသေးစား တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) အသေးစားတီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၈၆။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အသေးစားတီထွင်မှုမူပိုင်ခွင့်သည် အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါ အသေးစားတီထွင်မှုမူပိုင် ခွင့်ကို ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် အသေးစားတီထွင်မှုမူပိုင်ခွင့် ကို ရခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်ခြင်း။

၈၇။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို သတ်မှတ် သည့် အခကြေးငွေပေးသွင်းပြီး မူလလျှောက်ထားချက် လျှောက်ထား သည့်နေ့ကို လျှောက်လွှာတင်သွင်းသည့်နေ့အဖြစ် မှတ်ယူပြီး အသေး စားတီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ခ) အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် အသေးစား တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီ မည်သည့် အချိန်တွင်မဆို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မူလ လျှောက်ထားသည့်နေ့ကို လျှောက်လွှာတင်သွင်းသည့်နေ့အဖြစ် မှတ်ယူ ပြီး တီထွင်မှုမူပိုင်ခွင့်အဖြစ် ပြောင်းလဲလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို တစ်ကြိမ်ထက်ပို၍ ပြောင်းလဲ ခြင်း မပြုရ။

၈၈။ လျှောက်ထားသူသည် တူညီသော တီထွင်မှုတစ်ခုအတွက် အသေးစားတီထွင်မှု မူပိုင်ခွင့် လျှောက်ထားချက်နှင့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်နှစ်မျိုးကို တစ်ပြိုင်နက်တည်းဖြစ်စေ၊ တစ်ခုပြီးမှတစ်ခုဖြစ်စေ အပြိုင်လျှောက်ထားခြင်း မပြုရ။

## အခန်း (၂၀)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၈၉။ အပြည်ပြည်ဆိုင်ရာ တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၉၀။ မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အား ဖော်ပြလျှောက်ထားသော အပြည်ပြည် ဆိုင်ရာ လျှောက်ထားချက်တစ်ခုကို တီထွင်မှုမူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ခွင့်ပြုသော အပြည်ပြည်ဆိုင်ရာတွင် လျှောက်ထားသည့်နေ့ ကို နိုင်ငံတော်တွင် လျှောက်ထားသည့်နေ့အဖြစ် သတ်မှတ်ပြီး ဤဥပဒေအရ လျှောက်ထားသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တစ်ခုအဖြစ် မှတ်ယူရမည်။

၉၁။ ဦးစီးဌာနသည် မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် နေထိုင်သူတစ်ဦးက အပြည်ပြည်ဆိုင်ရာ လျှောက်ထားချက်တစ်ခု တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လျှောက်လွှာလက်ခံသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

၉၂။ ဦးစီးဌာနသည် ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု အကာအကွယ်ကို ရရှိရန် နိုင်ငံတော်ကို ဖော်ပြလျှောက်ထားလာသော အပြည်ပြည် ဆိုင်ရာ လျှောက်ထားချက်တစ်ခုနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရန် သတ်မှတ် ထားသည့်ရုံးအဖြစ် ဆောင်ရွက်ရမည်။

## အခန်း (၂၁)
## အယူခံခြင်း

၉၃။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာ သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြား ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူ တင်ပြ လာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၉၄။ အေဂျင်စီက ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၂၂)
## မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း

၉၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သောနယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့် များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင် ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက် များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရား ရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၉၄ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော် သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း (၂၃)
## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၉၆။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၉၇ နှင့် ၉၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက် သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် တရားမကြောင်းအရ အရေးယူပေးရန် မူပိုင်ခွင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

၉၇။ (က) မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါး ချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက အောက်ပါယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန် ပစ္စည်းများအပါအဝင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှု လမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန် သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော သက်သေခံအထောက်အထားများကို မူလအခြေ အနေမပျက် ထိန်းသိမ်းထားရန် သင့်သည် ထင်မြင်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထား သူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါး ချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံ သည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ် တားဆီးရန်အတွက် လုံလောက်သည့်အာမခံ တင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူ ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ် လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား (ရက်ရွှေ့ပြောင်းသတ်မှတ်ခြင်း)

၃-၃-၂၀၁၉ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၄)တွင် ကြော်ငြာထားသော တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၃)၊ တံတားအထူးအဖွဲ့(၉)တို့မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအတွက် (၁/၂၀၁၉) ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို (၂၁-၃-၂၀၁၉)ရက်တွင် ဖွင့်လှစ်မည့်အစား အောက်ပါအတိုင်း ရက်ရွှေ့ပြောင်းသတ်မှတ်လိုက်ပါကြောင်း ကြော်ငြာလိုက်သည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၆-၃-၂၀၁၉ (ညနေ ၂း၀၀နာရီ)

**တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၂၉-၃-၂၀၁၉ (နံနက် ၁၀း၀၀နာရီ)

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊

**မြန်မာ့စီးပွားရေးဘဏ်အနီး၊ မြိတ်မြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)**
**စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ**
**သက်မွေးပညာသင်တန်း**
**Food & Beverages Vocational Training (F&BVT)**

## အပတ်စဉ်(၂)သင်တန်းသားများခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့်မေတ္တာအလင်းအသင်း (Myitta-A-Lin Association)၊ Korea International Cooperation Agency (KOICA) နှင့် ကိုရီးယားနိုင်ငံအခြေစိုက် WITH အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်း အပတ်စဉ်(၂)ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

(၁) **သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၉ ခုနှစ် မေ ၆ရက်

(၂) **သင်တန်းဖွင့်လှစ်မည့်နေရာ** - G.T.H.S (လှိုင်သာယာ)၊ ဗိုလ်အောင်ကျော်လမ်း (မီးခွက်ဈေးအနီး၊ မီးခွက်ဈေးမှတ်တိုင်တွင် ဆင်းရပါမည်)

(၃) **ပို့ချမည့်သင်တန်းများ**
- ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်း (Baking & Confectionery Course)-သင်တန်းသား (၂၀)ဦး၊
- အနောက်တိုင်းနှင့် အရှေ့တိုင်းအစားအစာအချက်အပြုတ် သင်တန်း (Food Service and Culinary Course)-သင်တန်းသား(၂၀)ဦး၊
- ကော်ဖီနှင့် ဖျော်ရည်သင်တန်း (Beverage Course)-သင်တန်းသား (၂၀)ဦး၊

(၄) **သင်ကြားမည့်ကာလ (စုစုပေါင်း(၁၆)ပတ်)**
- ၂၀၁၉ ခုနှစ် မေ ၆ရက် မှ ဇူလိုင် ၂၆ရက် (၁၂ပတ်)စာတွေ့နှင့် လက်တွေ့သင်ကြားခြင်း
- ၂၀၁၉ ခုနှစ် ဩဂုတ် ၅ရက်မှ ၃၀ရက် (၄ ပတ်)-လုပ်ငန်းခွင်လက်တွေ့ဆင်းခြင်း

(၅) **သင်တန်းသား၊ သင်တန်းသူတို့၏ လိုအပ်ချက်များ**
(က) အခြေခံပညာအလယ်တန်း (အဌမတန်း)အောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူဖြစ်ရပါမည်။(အခြေခံပညာအထက်တန်းမအောင်မြင်သောသူများကို ဦးစားပေးခေါ်ယူသော အစီအစဉ်ဖြစ်ပါသည်။)
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ရောက်ခွင့်ရသောရက်တွင်အသက် ၁၅နှစ်ပြည့်ပြီး အသက် ၂၁နှစ် မပြည့်သေးသူဖြစ်ရပါမည်။

(၆) **ထောက်ပံ့မှုအစီအစဉ်များ**
သင်တန်းများသည် အခမဲ့သင်တန်းများ ဖြစ်သည့်အပြင်
- သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်း
- သင်တန်းတက်ရောက်နေသည့် ကာလအတွင်း လစဉ်လမ်းစရိတ် ၃၀၀၀၀နှင့် နေ့လယ်စာကျွေးခြင်း
- သင်တန်းဝတ်စုံ(အင်္ကျီ)နှင့် လက်တွေ့ခန်းဝတ်စုံ ထောက်ပံ့ပေးခြင်း(အနက်ရောင်ဘောင်းဘီရှည်ကို သင်တန်းသားမှ ကိုယ်တိုင်ဝယ်ယူ ဝတ်ဆင်ရပါမည်။)
- ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို သင်တန်းပို့ချသည့်ကာလပြီးဆုံးသည့်အချိန်တွင် အလုပ်အကိုင်နှင့် မိတ်ဆက်ပေးခြင်းတို့ကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

(၇) **သင်တန်းဆင်းလက်မှတ်**
သတ်မှတ်ကျောင်းခေါ်ချိန်ပြည့်မီ၍ စာမေးပွဲဖြေဆိုအောင်မြင်ပြီးလုပ်ငန်းခွင်လက်တွေ့ သင်တန်းပြီးမြောက်သူများသည် သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ် (certificate) ရရှိမည်ဖြစ်ပါသည်။

(၈) **လျှောက်လွှာတင်ရန်လိုအပ်သော စာရွက်စာတမ်းများ-**
(၁) ဝင်ခွင့်လျှောက်လွှာ၊
(၂) ပတ်စ်ပို့ဓာတ်ပုံ တစ်ပုံ၊
(၃) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊
(၄) ပညာအရည်အချင်းအတွက် ထောက်ခံချက်၊
(၅) ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်။

ဝင်ခွင့်လျှောက်လွှာကို အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)နှင့် WITH-မေတ္တာအလင်းအသင်း ရုံးခန်းများတွင် ရယူနိုင်ပြီး Facebook Page "F&BVT" မှလည်း Download ဆွဲယူနိုင်ပါသည်။

ကြော်ငြာပါသည့်ရက်မှ ၂၉-၃-၂၀၁၉ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀ နာရီအတွင်း အထက်ပါရုံးများသို့ လျှောက်ထားနိုင်ပါသည်။ (အစိုးရရုံးပိတ်ရက်များ ပိတ်မည်ဖြစ်ပါသည်။)

**လူတွေ့မေးမြန်းခြင်း**
(က) သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီသော လျှောက်ထားသူများသည်လူတွေ့မေးမြန်းခြင်း (Interview) ဖြေဆိုရပါမည်။
(ခ) လူတွေ့မေးမြန်း၍ ဖြေဆိုအောင်မြင်သူများသည် ကျန်းမာရေးဆေးစစ်ချက် ဆက်လက်ခံယူပြီး ရောဂါကင်းရှင်းသူဖြစ်မှသာ ဝင်ခွင့်ရမည်ဖြစ်သည်။

(၉) **ဆက်သွယ်ရန်**
**အသေးစိတ်အချက်အလက်များသိရှိလိုပါက**
- အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)၊ ဗိုလ်အောင်ကျော်လမ်း(မီးခွက်ဈေးအနီး)၊ လှိုင်သာယာမြို့နယ်၊ ဖုန်း ၀၉-၂၆၆၀၈၀၅၃၈
- အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၊ ပြည်တော်သာ၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁၃-၆၄၁၆၉၆
- WITH-မေတ္တာအလင်းအသင်း၊ အမှတ် (၅၉၂)၊ ဓမ္မာရုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၄၇၄၆၂၆၈၈

တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

# Invitation for Bids

| | |
|---|---|
| **Date:** | 18th, March ,2019 |
| **Loan No. and Title:** | Loan 3748-MYA Power Network Development Project |
| **Contract No. and Title:** | Package No (3) - 23(T) DPTSC(PTP) (2018-2019):Design, Supply, Installation and Commissioning of 230kV Mawlamyine-Ye-Dawei Transmission Line |
| **Deadline for Submission of Bids:** | 16th, May, 2019, 12:30:00 hours (local time) |

1. The Republic of the Union Myanmar has received financing from the Asian Development Bank (ADB) toward the cost of the Power Network Development Project. Part of this financing will be used for payments under the contract named above. Bidding is open to bidders from eligible source countries of ADB.

2. The Department of Power Transmission and System Control (DPTSC) ("the Employer") invites sealed bids from eligible bidders for the Design, Supply, Installation and Commissioning of 230kV Mawlamyine-Ye- Dawei Transmission Line (the Facilities). The Facilities are all located within Mon State and Thaninthayi region.

3 International Competitive Bidding will be conducted in accordance with ADB's Single-Stage: One-Envelope bidding procedure and is open to all Bidders from eligible countries as described in the Bidding Document.

4. Only eligible Bidders with the following key qualifications should participate in this bidding:
- Net worth for the last year calculated as the difference between total assets and total liabilities should be positive.
- Minimum average annual turnover of US$50 million calculated as total certified payments received for contracts in progress or completed, within the last three (3) years.
- Financial resources, less its financial obligations for its current contract commitments, meet or exceed US$10 million. Joint Venture must meet the requirement, in which each partner must meet at least 25% of the requirement, and one partner at least 40% of the requirement.
- Participation in at least two (2) contracts of Overhead Transmission Line of 220kV or higher that have been successfully completed within the last ten (10) years, where the value of the Bidder's participation in each contract exceeds US$50 million.
- Executed an overhead transmission line contract of 220kV or higher with not less than one hundred fifty (150) km route length, including engineering, procurement and construction on turnkey basis in Outside Bidder Country as main contractor that has been successfully completed within the last ten (10) years.

The qualification criteria are more completely described in the Bidding Document.

5 To obtain further information and inspect the bidding documents, bidders should contact the following from 9:30- 16:30 hours (local time) except Saturdays, Sundays and holidays:

Department of Power Transmission and System Control (DPTSC)
Address: Material Planning Department (DPTSC), Building No. 27, Nay Pyi Taw, Myanmar
Telephone: 95 67 8104286
Email: sedesignptp.mepe@gmail.com, dirdesign.ptp@gmail.com ,
Fax: 95 67 8104286

6 To purchase the bidding documents in English, eligible bidders should write to the address above requesting the bidding documents for the Facilities, and pay a nonrefundable fee of purchase order (bank draft) in Myanmar Kyats equivalent to US$ 100.

7. A Pre-bid meeting shall take place on 1st,April, 2019 at 12:30:00 hours (local time) at the address above, Yadanar Hall, Ministry of Electricity and Energy.

8. Bids must be delivered to the address above on or before the deadline: 16th, May, 2019 at 12:30:00 hours (local time) together with a Bid Security as described in the bidding documents.
Electronic Submission is not allowed.

9. Bids will be opened immediately after the bid submission deadline in the presence of bidders' representatives who choose to attend.

10. Any request for the extension of Bid submission dead line shall not be allowed.

**Tender Committee**
**Department of Power Transmission and System Control**
**Ministry of Electricity and Energy**
**Nay Pyi Taw Myanmar**
**Telephone 067-3410282, 3410209**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးအောင်ခင် ၉/ပမန(နိုင်)၁၅၆၇၉၃ (ဘ)ဦးလှရွှေနှင့် ဒေါ်ပြုံးတင် ၉/ပဗသ(နိုင်)၀၀၉၈၇၃ (ဘ)ဦးစံညိမ်းအမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၂၇၂)ကို ဦးမင်းအောင် ၉/ပမန(နိုင်)၁၆၆၃၁၅ (ဘ)ဦးအောင်ငြိမ်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) | ၅၃၇.၂၅ | ၂၃-၄-၂၀၁၉ | ၁၄း၀၀ | ၂၃-၄-၂၀၁၉ | ၁၂း၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်) | ၂၃၄၉.၅၅ | ၂၃-၄-၂၀၁၉ | ၁၄း၀၀ | ၂၃-၄-၂၀၁၉ | ၁၂း၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန website (www.moee.gov.mm)တွင် တင်ဒါဖွင့်မည့်ရက်ထက်(၁)လ ကြိုတင်ကြေညာမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**ရောင်စုဓာတ်ပုံကူးစက်၊ ပုံနှိပ်စက်များနှင့် ပလိပ်ပြားကူးစက်**
**CTP (Computer to Plate)**

## အိတ်ဖွင့်လေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနပိုင် အောက်ပါဓာတ်ပုံကူးစက်၊ ပုံနှိပ်စက်များနှင့် ပလိပ်ပြားကူးစက် CTP (Computer to Plate) ကို အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်-

(က) Kadak Noritsu QSS 3201 (2004-2005) Model
(ခ) Fuji (SHINO HARA 66) Model 89
(ဂ) Fuji Offset 58 Model 79
(ဃ) Fuji Offset 58 Model 77
(င) HAMADA 900 (413) Offset
(စ) HAMADA 900 (614) Offset
(ဆ) ပလိပ်ပြားကူးစက် CTP (Computer to Plate)

၂။ အိတ်ဖွင့်လေလံပြုလုပ်မည့် နေ့ရက်၊ အချိန်နှင့် နေရာကို ထပ်မံကြေညာပါမည်။

၃။ ၁၈-၃-၂၀၁၉ ရက်မှစ၍ လျှောက်လွှာတစ်စုံလျှင် ၂၀၀၀/-နှုန်းဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနတွင် မည်သူမဆိုလာရောက်ဝယ်ယူနိုင်ပြီး ၃၀-၄-၂၀၁၉ ရက်တွင် အိတ်ဖွင့်လေလံလျှောက်လွှာပိတ်သိမ်းသွားမည်ဖြစ်ပါသည်။ အိတ်ဖွင့်လေလံခေါ်ယူရောင်းချမည့်ပစ္စည်းများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနနှင့် မန္တလေးနေ့စဉ်သတင်းစာတိုက် (၃၅လမ်းနှင့် ၇၁လမ်းထောင့်)တို့တွင် လာရောက်ကြည့်ရှုနိုင်ပြီး လေလံစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၉၅၁၃၇၂၅၇၅တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးအဖွဲ့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်း လောင်း-၂၊ မြေကွက်အမှတ် ၆၆၃၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ထွေးကြူ အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးလွင် (ဘ)ဦးကျော်ရင် ၉/မဘန(နိုင်)၀၂၀၃၄၈မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၉၄၀၊ ဧရိယာ ၀ဒသမ၀၈၂ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်မာမြင့် (ကိုယ်စား)ဦးဟိန်းဇော် (ဘ)ဦးခင်မောင်လွင် ၈/မကန(နိုင်)၁၃၇၆၄၇မှ မြေချစလစ် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၆၅၈/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာမှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြင်ဆင်ချက်ကြော်ငြာ

၁၇-၂-၂၀၁၉ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာကဏ္ဍစာမျက်နှာ (၂၄)တွင် ဖော်ပြထားသော ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ ယာဉ်ပြင်အလုပ်ရုံဆိုင်ခန်း၊ အမှတ် (ယ-၂၂)၏ အမည်ပေါက်ပိုင်ရှင် ဦးစိုးသူရ၏ နိုင်ငံသားအမှတ်အမှန်မှာ ၉/ပကခ(နိုင်)၀၀၈၂၆၁ ဖြစ်ကြောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်နိုင်**
**အထက်တန်းရှေ့နေ (စဉ်-၅၀၃၈၁)**
**အမှတ်(၃/၂၁၃)၊ အိုးဘိုရပ်၊ ဥယျာဉ်စုရပ်ကွက်၊**
**ပျဉ်းမနားမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၃၅၉၄၂၆၈**

---

## နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်

ဆောမြို့နယ်၊ ယောလက်ပန်ကျေးရွာနေ မောင်မင်းခန့်ကျော်၊ မောင်ဖြိုးသီဟ၊ မောင်သုလျှံဟိန်းတို့၏ဖခင် ဦးကျော်ရွှေ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်မှာ ၈/ဆဖန(နိုင်)၀၅၅၀၄၆ ဖြစ်ပါကြောင်း။

---

## နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်(ခွဲ)၊ သံပုရာကျေးရွာနေ မောင်ဇင်နိုင်းညို၏ မိခင် ဒေါ်ခင်သူဇာမိုး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်မှာ ၈/ကထန(နိုင်) ၀၀၈၅၉၇ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ဒေါ်တင်မြအေး(ဘ) ဦးတင်၏ ပျဉ်းမနားမြို့နယ်၊ ဆင်သေအုပ်စု၊ ကွင်းအမှတ် (၁၇၁၃)၊ ကြို့ကိုရန်ကွင်း၊ ဦးပိုင်အမှတ်(၁၀/၁)၊ (၉) ဧရိယာ ၀ ဒသမ ၄၆၊ ၁ ဒသမ ၆၂ ဧကရှိ ပုံစံ(၇)စာအုပ် နှစ်အုပ် ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၇၅၇၅၆၄၉၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၉၇၇)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဒေါ်ကြည်သာခင်(ဘ) ဦးခင်မောင်မြင့် ၉/မထလ(နိုင်)၂၂၉၃၃၂ အမည်ပေါက်ပါမစ်မြေကွက်အား ဦးမျိုးမြင့်မောင် (ဘ) ဦးလှဝင်း ၉/မလန(နိုင်)၀၀၃၉၃၉ မှ မြေပေးမိန့်(ပါမစ်) မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ပေ(၆၀×၆၀)၊ မြေကွက်အမှတ်(ဒ-၄၆၆၁)၊ ဦးမောင်လှိုင် (ဘ) ဦးကျော် PMA-၂၈၂၀၀၆ အမည်ပေါက်ပါမစ်မြေအား အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ရီရီသန်း (ဘ) ဦးမောင်ကိုလေး ၉/ပမန(နိုင်)၀၇၁၉၄၃ မှ အရောင်းအဝယ်ကတိစာချုပ်၊ ဝယ်သူကျမ်းကျိန်လွှာ ဝန်ခံကတိပြုချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ရီရီသန်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/ပေါင်းလောင်း-၁)၊ ဦးပိုင်/မြေကွက်အမှတ် (၁၅၆/၃၈၈)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဝင်းတင့် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီ (ဘ) ဦးရွှေညွှန့် ၉/ပမန(နိုင်)၁၁၃၇၉၀မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဦးမောင်မောင်ကြီး(ခ)ဦးမောင်မောင်** အသက်(၈၈)နှစ်

**MFTB,MOB(ငြိမ်း)၊ (ဂီတစာဆို-ရွှေမြိုင်မောင်မောင်)၊ ဂီတအစည်းအရုံးဝင် ကန်တော့ခံပုဂ္ဂိုလ်၊ ချောင်းဆုံမြို့နယ်အသင်းဝင် ကန်တော့ခံပုဂ္ဂိုလ်**

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နေ(ရှေ့နေဦးနီ-ဒေါ်လွန်းမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးထွန်းတင်-ဒေါ်ငွေရင်)တို့၏သားသမက်၊ (ဦးကိုကိုကြီး-ဒေါ်ညွန့်ညွန့်စိုး)တို့၏ညီ/မောင်၊ (ဦးကိုကိုလေး)-ဒေါ်မိမိကြီး၊ (ဦးမောင်မောင်လွင်-ဒေါ်မမကြီး)တို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ်(၁၁၅၇)နေ ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်အမာနီ(သမိုင်းချည်မျှင်နှင့်အထည်၊ ရုံးအုပ်/ငြိမ်း)တို့၏ချစ်လှစွာသောခင်ပွန်း၊ ဦးထင်အောင်၊ ဦးမျိုးသန့်တို့၏ဖခင်၊ ဦးမျိုးဝင်း-မချောအိဇင်(MOB)၊ မောင်မျိုးဇင်(KBZ)-မဝင်းပပ၊ မောင်ဇင်မင်းဦး-မယုယု၊ မောင်ဝဏ္ဏာငယ်၊ မောင်သက်နောင်ဦးတို့၏အဘိုး၊ မောင်မျိုးမြတ်သချ်၏အဘိုးသည် ၁၅-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်အေးမြင့်အောင်**

**အသက်(၇၉)နှစ်**

မကွေးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**

**ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးလှမြင့် (ငြိမ်း) အသက်(၈၂)နှစ်**

**ကြည်း-၈၇၆၁ YOC (၁၈)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

ဦးဉာဏ်ထွန်း(လ/ထ ညွှန်/မှူး၊ ဆည်/ရေ ဦးစီးဌာန)-ဒေါ်ကလျာမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်/ရေ ဦးစီးဌာန)တို့၏ဖခင်သည် ၁၄-၃-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးလှမြင့် (ငြိမ်း) အသက်(၈၂)နှစ်**

**ကြည်း-၈၇၆၁ YOC (၁၈)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဌာနမှူး(ငြိမ်း)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

ဦးဉာဏ်ထွန်း(လ/ထ ညွှန်/မှူး၊ ဆည်/ရေ ဦးစီးဌာန)-ဒေါ်ကလျာမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်/ရေ ဦးစီးဌာန)တို့၏ဖခင်သည် ၁၄-၃-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်အေးမြင့်အောင်**

**အသက်(၇၉)နှစ်**

မကွေးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး)မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**စက်မှုတိုင်း(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**မကွေးမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးကျော်တင့်**

**မန်နေဂျာ( YUPT Public Co.,Ltd.)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂) ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၈၁/ခ)နေ ဦးကျော်တင့် မန်နေဂျာ(YUPT Public Co.,Ltd.) သည် ၁၅-၃-၂၀၁၉ရက်(သောကြာနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**YUPT Public Co.,Ltd.**

**BOD နှင့်ဝန်ထမ်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်သန်းဆင့်**

**B.Sc(Botany)1964-68**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းတင်-ဒေါ်စိန်သန်း)တို့၏သမီး၊ (ဦးဘိုးမောင်-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း)၏ဇနီး၊ ဦးနမ်းရအောင်-ဒေါ်မိုးမိုးအုန်း၊ (ဦးချစ်ရအောင်)၊ ဦးမွေးရအောင်၊ ဦးအေးမင်းသန့်(ခေတ္တ-USA)-Dr. ဝင်းဆင့်ဆင့်အောင်(ခေတ္တ-USA) တို့၏မိခင်၊ မနှင်းယုယအောင်၊ မရှင်းသန့်အောင်တို့၏ ဘွားဘွားကြီးသည် ၁၅-၃-၂၀၁၉ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ ရက်(တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးသန်းထွန်းအောင်**

**(လူလူ)**

**အသက်(၇၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးအောင်ခင်-ဒေါ်စန်းရင်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးကျော်သန်း-ဒေါ်ခင်စု)တို့၏သားသမက်၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်တင်ဝေ၏ ခင်ပွန်း၊ (ဦးအေးမြင့်)-ဒေါ်သိန်းသိန်းစန်း၊ (ဦးစိုးအောင်-ဒေါ်သွဲ့သွဲ့စန်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက် တို့၏ဘကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၅-၃-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၆း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ တိုက်အမှတ်(၈၃) လေးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

**မဝင်းစန္ဒာ**

**(ပုလောမြို့)**

**အသင်းဝင်အမှတ်-၄၅၅၀**

**အသက်(၄၈)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၄)ရပ်ကွက်၊ ရွှေဟင်္သာလမ်းနေ ဦးမြတ်လေး၏ ဇနီးသည် ၁၂-၃-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၉ ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးကျော်တင့် မန်နေဂျာ( YUPT Public Co.,Ltd.)**

**အထက(ဗထူးတပ်မြို့) ကျောင်းသားဟောင်းများ**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ခတ္တာလမ်း၊ အမှတ် (၁၀၂၃/ခ)နေ (ဦးစံသိန်း-ဒေါ်အေးခန့်)တို့၏သား၊ ပေါင်းတည်မြို့နေ (ဦးမောင်စု-ဒေါ်တင်လှ)တို့၏သားသမက်၊ (ဦးအောင်ဇော်မြင့်)(မထသ)၊ ဦးဝင်းစိုး-ဒေါ်အေးအေးသိန်း၊ ဒေါ်ထွေးထွေးသိန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၈၁/ခ)နေ ဒေါ်မြင့်မြင့်ရှိန်၏ခင်ပွန်း၊ ကိုစောသဲကိုကို-မမြင့်စုစုစံ၊ မောင်ဘုန်းမြင့်သူ၊ မမြင့်မိုရ်ကျော်တင့်၊ မမဋ္ဌုမြမြပိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးလှရွှေ (လဝက၊ ငြိမ်း)**

**အသက်(၈၁)နှစ်**

ဦးသန်းထွဋ်(ညွှန်ကြားရေးမှူး၊စီမံ၊ ဆည်/ရေ)-ဒေါ်မာလာ(အင်/ယာ၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်သည် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့)နံနက် ၄း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့်ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးလှရွှေ (လဝက၊ ငြိမ်း)**

**အသက်(၈၁)နှစ်**

ဦးသန်းထွဋ်(ညွှန်ကြားရေးမှူး၊စီမံ၊ ဆည်/ရေ)-ဒေါ်မာလာ(အင်/ယာ၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင်သည် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့)နံနက် ၄း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

**ဦးသောင်း**

**ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)**

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ စစ်ကဲလမ်း၊ အမှတ် ၅၀၄နေ ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နီလာဝင်းသောင်း(နီလာစတိုး)၊ ဦးအောင်နိုင်ဝင်းသောင်း(လက်ထောက်ညွှန်ကြားရေးမှူး) မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ-ဒေါ်ဝေမွန်လှိုင်တို့၏ဖခင်သည် ၁၅-၃-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၉ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါပြည်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်တင်တင်ကြည်**

**လူမှုဖူလုံရေး၊ စစ်ဆေးရေးမှူး(ငြိမ်း)**

**အသက်(၇၇)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးအောင်မင်း(ရူပဗေဒ)-ဒေါ်ငွေရီ မန္တလေးတက္ကသိုလ် ငွေစာရင်းမှူး(ငြိမ်း)၊ နန်းရှေ့၊ ဒေါနဘွား၊ အကွက်(၁၆)နေ ဦးထွန်းထွန်းဦး -ဒေါ်စန္ဒာစိုး၊ အနိုပ်တော်ရပ်နေ ဦးမင်းနိုင်မျိုး-ဒေါ်မီမီလွင်၊ (၁၆)လမ်းနေ ဦးကျော်စိုးနိုင် -ဒေါ်ရီလွင်ထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၆-၃-၂၀၁၉ ရက် (စနေနေ့) နံနက် ၉း၃၀နာရီတွင် ၁၆လမ်း၊ လမ်း၈၀×၈၁လမ်းကြား နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု၊ သားသမီးမြေးများ

---

**ဒေါ်မသန်းနု**

**(အထက်တန်းပြ-ငြိမ်း)၊ မင်းပြား**

**အသက်(၇၀)**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မြောင်းဘွေလမ်းနေ (ဦးမေနီ-ဒေါ်ဆိုးမ)တို့၏သမီးလတ်၊ (ဦးဖြူဘန်းအောင်-ဒေါ်အောင်ဇံ)တို့၏ချွေးမ၊ ဦးဦးကျော်သိန်း(စီးပွား/ကူးသန်း၊ ငြိမ်း)၏ဇနီး၊ ဦးဦးထွန်းမင်း(MOT Class-3)-ဒေါ်စန်းစန်းငွေ၊ ဦးကျော်လှစိန်(ဖေယျာလင်းမိတ္တူ)-ဒေါ်မမြသိန်း၊ ဒေါက်တာ ဒေါ်ခင်အေးမွန်(ပါမောက္ခ၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်) တို့၏ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘောင်ရှင်သည် ၁၆-၃-၂၀၁၉ရက် ညနေ ၄း၃၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အခန်း ၂၀၄၊ တိုက်(A-6)၊ ရွှေခင်သာအဆင့်မြင့်အိမ်ရာ၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ငွေငွေ**

**ရန်ကုန်တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ကမာကြည်အိမ်ရာ၊ တိုက် ၁၄နေ (ဦးတင်မောင်-ဒေါ်ညို)ဗိုလ်တထောင်တို့၏သမီး၊ ဒေါ်သင်းသင်းနိုင်(ခ) အန်တီစု၊ [ဦးဖိုးချို(ခ)ဦးဝင်းကိုကို]၊ (ဒေါ်သီသီအောင်)လယ်/ဆည်တို့၏အစ်မ၊ ဦးစိုးဦး(ခ)ဦးလှမြင့် ၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်ဆန်း(ဦးစီးအရာရှိ၊ အင်/ယာ၊ ရန်ကုန်မြို့တော်စည်ပင် အင်ဂျင်နီယာဌာန၊ ရေ/သန့်)-ဒေါ်ခင်မာဇင် တို့၏မိခင်၊ မောင်မင်းသူခဏ် (2[nd] Year G.T.I)၏အဘွားသည် ၁၆-၃-၂၀၁၉ ရက် (စနေနေ့)ည နေ ၄း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ**

**သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၃)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်လမ်းသစ်၊ တောင်စွန်းဓမ္မိကာရုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ မထေရ် မြတ်သည် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁၁ရက်) ၁၆-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁၃ ရက်)၊ ၁၈-၃-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် တောင်စွန်း ဓမ္မိကာရုံကျောင်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (တောင်စွန်းကျောင်းမှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်စောလှ**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်ကြီး-ဒေါ်ညား)တို့၏သမီး၊ (ဦးဂျင်ခို)တိုင်း/ယာချုပ်၊ ဆလက(ငြိမ်း)၏ဇနီး၊ ဒေါက်တာမောင်မောင်လေး-ဒေါ်ဆွေနီမြင့်၊ ဦးမောင်မောင်အေး၊ ဦးမောင်မောင်ထွေး (ခေတ္တ-စင်ကာပူ)-ဒေါ်သီတာထင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၃-၂၀၁၉ရက် ည၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး**

**ဒေါ်တင်မြင့် (ဆိပ်ဖြူ)**

**အသက်(၇၆)နှစ်**

ပုဂံညောင်ဦးမြို့နေ (ဦးကွိန်-ဒေါ်စိန်မေ)၊ (ဦးလှမောင်-ဒေါ်ဖွားသင်)တို့၏ သမီးချွေးမ၊ ပခုက္ကူမြို့နေ (ဦးမြအေး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ သာသနာ့ဓဇဓမ္မာစရိယ (ဂန္ထဝါစက) ဦးကေသဝ၏သာသနာ့မိခင်ကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊ တိုက် (ဃ)၊ အခန်း(၄)နေ (ကိုမောင်မောင်မြင့်)၊ မတင်ငွေးမာ (MEB တာမွေ)၊ ဦးအောင်ခိုင်မြင့် (ဗဟိုဘဏ်)၊ မသီတာမြင့် (MAB Bank)၊ ဒေါ်စန္ဒာမြင့် (မြဝတီဘဏ်)တို့၏မိခင်၊ (ဦးကံကြီး)၏ ချစ်လှစွာသောဇနီးသည် ၁၅-၃-၂၀၁၉ရက် (သောကြာနေ့) ည ၇း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်ဆုံ (ဗန်းမော်)**

**(အငြိမ်းစားဆရာမ၊ အလက-၁၊ မင်္ဂလာတောင်ညွန့်မြို့နယ်)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ ၉၁လမ်း၊ အမှတ်၁၂၄၊ လေးလွှာနေ ဦးအိစွတ်၏ဇနီး ဒေါ်ခင်ဆုံ (ဗန်းမော်အသင်းအမှုဆောင်)သည် ၁၁-၃-၂၀၁၉ ရက် ညနေ ၄း၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဗန်းမော်အသင်းအမှုဆောင်များ**

---

**ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယိကာမကြီး**

**ဒေါက်တာကြူကြူသွင်** အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉/A-၁၆)နေ (ဦးသွင်-အငြိမ်းစားစက်ရှင်တရားသူကြီး-ဒေါ်အုန်းမေ)တို့၏သမီး၊ ဒေါက်တာဦးကု (မေ့ဆေးဆရာဝန်ကြီး-ငြိမ်း)၊ ဒေါ်နုနုကြည်(Grace)တို့၏သမီးချွေးမ၊ ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်(ဆီး၊ ကျောက်ကပ်ခွဲစိတ်ဆရာဝန်ကြီး၊ ဌာနမှူး-ငြိမ်း၊ ဆီး-ကျောက်ကပ်ခွဲစိတ်ဌာန၊ ရန်ကုန်အထူးကုဆေးရုံကြီး)၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံ ဆီး၊ကျောက်ကပ်ပညာရှင်များအဖွဲ့၏ချစ်လှစွာ သောဇနီး၊ ဦးကျော်ထက်(USA)၊ ဦးလင်းထက်(Day Trader-USA)-ဒေါ်ရဲသူသူထက်(USA)၊ ဦးထက်ထက်(USA)-ဒေါ်ဟေမာဦး(USA)၊ ဦးသက်ထွေးအောင်(Space Light Co,Ltd)-ဒေါ်ရွှေစင်ဝင်း၊ ဦးမျိုး ဇင်ဝင်း(Myanmar Turbo Group)-ဒေါ်နန်းပိုးနွှန်းခမ်း၊ ဦးစိုးထွန်းလင်း(MGTT Co,Ltd, Bath & Co.Sanitaryware, Lion Window Co,Ltd)-ဒေါ်မေဇင်ကို(ခ)ဒေါ်ခိုင်ဇာသွယ်၊ ဦးဝေမင်းဖြိုး(MGTT Co.,Ltd. Bath & Co.Sanitaryware, Lion Window Co,Ltd)ဒေါ်ရွှေရည်မျိုး၊ မအေးငြိမ်းဖြူ (Mondsella, Canada)၊ ဒေါ်နွေဝါဖြူ(Pho La Pyae Co,Ltd)၊ မပိုးကြာဖြူ၊ မောင်ပြည့်ဖြိုးသွင်၊ ဦးကျော်စောထွန်း(Financial Analyst-Globetax, USA)၊ မဖြိုးပွင့်ဖြူ(Operation Analyst-E Trade, USA)၊ မောင်ထူးအောင်လတ်(Baruch College, USA)တို့၏ အဒေါ်/ကြီးတော်သည် ၁၅-၃-၂၀၁၉ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာကို ဂူသွင်းမြှုပ်နှံမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူတူ/တူမများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ် ဒါယိကာမကြီး**

**ဒေါက်တာကြူကြူသွင်**

**အသက်(၆၂)နှစ်**

ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်(ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ဆရာဝန်ကြီး၊ ဌာနမှူး၊ ငြိမ်း၊ ဆီး၊ ကျောက်ကပ်ခွဲစိတ်ဌာန၊ ရန်ကုန်အထူးကုဆေးရုံကြီး၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆီးနှင့်ကျောက်ကပ် ပညာရှင်များအဖွဲ့)၏ ချစ်လှစွာသောဇနီး ဒေါက်တာကြူကြူသွင်သည် ၁၅-၃-၂၀၁၉ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

**အာရှတော်ဝင်ဆေးရုံ**

# လယ်သမားများအတွက် အသက်တမျှအရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် အစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းမြေများအနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်ပေးအပ်ခြင်းနှင့် မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၃)များ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**မကွေး မတ် ၁၆**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းမြေများအနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်စွန့်လွှတ်ပေးအပ်ခြင်းနှင့် မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့် မြေများကို

*စာမျက်နှာ ၄ ကော်လံ ၁* ◆


အမျိုးသားအလွတ်တန်း စက်ဘီးပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- ဗလစိုး

## ရန်ကုန်မြို့၌ ကျင်းပသည့် ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲတွင် အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ်ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တက္ကသိုလ် မုခ်ဦးရှေ့၌ကျင်းပခဲ့ရာ လက်ရွေးစင်အဆင့်နှင့် ဝါသနာရှင်အဆင့် စက်ဘီးအားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲ၌ အမျိုးသားအလွတ်တန်း Road Race အပတ်ရေ ၃၀၊ အမျိုးသားအသက် ၁၉ နှစ်အောက်၊ ၁၉ နှစ်မှ ၂၅ နှစ်၊ ၂၆နှစ်မှ ၄၀ နှစ်၊ ၄၀နှစ်အထက်၊ အမျိုးသမီးအလွတ်တန်း Mountain BikeRaces အပတ်ရေ ၂၀စီ တက္ကသိုလ်ရိပ်သာလမ်း လှည်းတန်းလမ်းဆုံမီးပွိုင့်မှ အင်းယားလမ်းမီးပွိုင့်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ကူညီပံ့ပိုးကာMyan Shwe Pyi Tractors Limited(MSP)နှင့် မြန်မာနိုင်ငံစက်ဘီး အားကစားအဖွဲ့ချုပ်တို့

*စာမျက်နှာ ၁၂ ကော်လံ ၅* ○

**ပလက်ဝတံတား စီမံကိန်းတွင် အသုံးပြုရန် လိုအပ်သော သံပေါင်များ တင်ဆောင်လာသည့် ရေယာဉ်တစ်စင်းအား AA သောင်းကျန်းသူ အဖွဲ့က မီးရှို့ခဲ့**

*စာမျက်နှာ - ၁၃*

